စိတ်ကူးချိုချိုစာစဉ်

# အချစ်ဦးသို့ ရွှန်းပေါ်သွင်း ဧချင်း

ငြိမ်းကျော်

mgyoe.com

တတိယအကြိမ်

mgyoe.com



အချစ်ဦးဆို
ဟုန်းဝေါကွင်း
ဖြေချ

ငြိမ်းကျော်

FIC0105
3,000.00 KS

mgyoe.com

အချစ်ဦးသို့ရွှေနားတော်သွင်းခြင်း။ ငြိမ်းကျော်
စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၄ ・ ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၆ ပိုးနိုင်စာပေတိုက်၏ ပထမအကြိမ်မူ၊
(ဒုတိယအကြိမ် - ၁၉၈၃)

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အချစ်ဦးသို့ ရှေးနားတော်သွင်းချေင်း ငြိမ်းကျော်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

ဆည်တော်ကန် ရေမျက်နှာပြင်ပေါ်မှ ဝေ့လာသော လေပြည်သည် ဖြူ့ဆံစတွေကို ဝေ့သွားသည်။ နဖူးပေါ်ကျလာသော ဆံနွယ်မျှင်တွေကို ညာဘက်သို့ သိမ်း၍ ပင့်တင်လိုက်သည်။ ခေါင်းအငုံ့တွင် ဖြူ့မျက်နှာသည် ကျွန်တော်နှင့်တူရူ။ သူ့မျက်ဝန်း နက်သည် ရင်ထဲသို့ နစ်ဝင်လာသလား ထင်ရသည်။ မျက်တောင်မခတ်သော ထိုအခိုက် အတန့်တွင် ကျွန်တော့်ရင်တွေ ခုန်စပြုလာသည်။ ထိုအချိန်တွင် ကျွန်တော့်ရင်ခွင်ထဲသို့ သူမျက်နှာ အပ်၍ ဝင်လာမည်ကို စိုးသည်။ မောင်ရင်တွေ ခုန်နေပါလားဟု မေးမည်ရိုးသည်။ ဘာဖြစ်လို့ ရင်တွေခုန်နေရတာလဲဟု စူးစမ်းစကားဆိုမည်စိုးသည်။ ထို[illegible]တွေ၊ သို့အမေးတွေ ဖြူက ပြောလာ မေးလာလျှင် ကျွန်တော်ပြောမည် ကြံရွယ်ထား သမျှသည် စုံးစုံးမြှုပ်၍နေလိမ့်မည်။ ဤတွင် ကျွန်တော်သည် ဖြူ့ကို လိမ်ညာလျက်ရှိသည့် ရာဇဝင်လူဆိုး ဖြစ်နေပေဦးမည်။ ဖြောင့်ဆိုဝန်ခံရမည့် သူ၏နှုတ်ခမ်းကို သူရဲသတ္တိမစောင့်ရှောက်နိုင်တော့ပြီလားမသိ။ တုန်ခါချင်သည်။ ဖြူ သတိပြုမိလျှင် မြင်ရလိမ့်မည်။

"ပြောစရာရှိတယ်ဆို ပြောလေ"

နီထွေးစိုပြည်သော နှုတ်ခမ်း လှုပ်သွားသည်ကို ငေးကြည့်နေမိသည်။ ကြည်လင်နေသောမျက်နှာကို တစ်မျိုးတစ်မည်ပြောင်းလဲသွားစေမည့် စကားလုံးတွေက နှုတ်ခမ်းအပသို့မထွက်။ ကြောင့်ကြစိတ်ဖြင့် ကြည့်သောအကြည့်ကိုသာ ဖြူ တွေ့နေပေမည်။ သို့သော် ထိုအကြည့်ကို ဖြူ ခွဲခွဲခြားခြား နားလည်လိမ့်မည်မထင်။

"မောင် ဘာကြည့်နေတာလဲ ပြောမယ်ဆို"

mgyoe.com

mgyoe.com

သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။ ပျို့မျှစ်သော မျက်နှာလှကို အိုစနာနိုင်မည့် စကားတွေ ပြောဖြစ်တော့မည်ဟု အောက်မေ့သည်။ စိတ်တင်းလိုက်သည်တွင် ဖြူ့အပြုံးကို မြင်ရ၏။

"ညိုမြာနဲ့ ပတ်သက်လို့ပါ"

ပတ်သက်ဖူးသော အမည်ကို ကြားလျှင်ကြားချင်း မျက်နှာပျက်သွားလိမ့်မည် ထင်ခဲ့သည်။ သို့သော် အတွေးအထင်လွဲသွားပေပြီ။ ဖြူ့နှုတ်ခမ်းမှ အပြုံးသည် မရွေ့၊ မလျော့။ ပို၍ပင် ပီသလာသည်။ သွားတက်လေးကို တစ်စွန်းတစ်စ မြင်ရသည်။ ဖြူ့တွင် မည်သို့မျှ မထူးခြားသည်သို့ ရှိလေသည်။

"ညိုမြာနဲ့မောင်နဲ့က ဘာမှမပတ်သက်ပါဘူးဆို၊ မောင်ပဲ ဖြူ့ကို ပြောတော့"

စကားဆုံးခါနီးတွင် မျက်ခုံးမတွန့်တတွန့် ဖြစ်သွားမှန်း လှစ်ခနဲ မြင်လိုက်ရသည်။ လေသံမှာ ခပ်ပေါ့ပေါ့။ သို့သော် တမင်ဖော့ထားသံ ဆန်သည်ဟု သံသယဝင်နေသည်။ ညိုမြာဟူသောအမည်ကို ကြားလိုက်ရသည့်အချိန်မှစ၍ ဖြူ့အကြည့်သည် စေ့စပ်လာသည်။ မျက်တောင်အခတ် ပါးလာသည်ဟု ခံစားရသည်။ ချိုသောအသံကို း:သယောင်ယောင် ကြားရသည်။ အမှန်ပင် မသိမသာ ပြောင်းလဲလာခြင်းလား။ ကျွန်တော့်အထင် သက်သက်လား။ ခွဲခြားကြည့်၍မရ။ စိတ်လှုပ်ရှားလွန်း၍ ဖြစ်ကောင်းဖြစ်မည်။

"မောင် ပြောပြချင်တာ ကြာပြီ"

ဖြူ့နှုတ်ခမ်းတွင် အပြုံးပျောက်လေပြီလား စိုးရိမ်စိတ်ဖြင့် တစ်ချက်ကြည့်လိုက်သည်။ ဖြူသည် ပကတိအတိုင်းမဟုတ်ဟု ထင်စရာကောင်းသော တည်ငြိမ်မှုမျိုးဖြင့် ပြန်လည်ကြည့်လျက်ရှိ၏။

"ဘာလဲကွယ် ဟင် မောင်"

မသိနားမလည်သူ၏ မေးအမော့ကို မမြင်ရက်တော့။ အပြစ်ကင်းစင်သူ၏ အသံကို မကြားဝံ့တော့။

"မောင် မကောင်းဘူး"

"မောင် မကောင်းဘူး ဟုတ်လား။ မောင် ဘာပြောတာလဲဟင်"

ဖြူ့မေးပုံမှာ ထိတ်လန့်တုန်လှုပ်လျက်ရှိသည်။ ရုတ်တရက် ပြန်မဖြေနိုင်။ နှောင်တသည် လည်ဝကို ဆို့ထားသည်။ မျက်လုံးကို ကန်ရေပြင်တစ်လျှောက်သို့ လွှတ်ထားလိုက်သည်။

"ဟုတ်တယ် ဖြူ၊ မောင့်ကို ဖြူသတ်သွားပါ။ မောင့်ပါးကို အမြှာမြှာ ကွဲသွား

mgyoe.com

mgyoe.com
အောင် ဖြူ ရိုက်သွားပါ"

ဖြူ့လက်သည် ပခုံးပေါ်သို့ အသာရောက်လာ၏။

"အို မဟုတ်တာ မောင်ရယ်။ မောင့်မှာ ဘာအပြစ်ရှိလို့လဲ၊ အပြစ်ရှိတယ်ဆို တောင်မှ ဖြူက မောင်ပြောသလို ဘယ်တော့မှမလုပ်ဘူး။ မောင့်ကို ဘာလို့ ရိုက်ရမှာလဲ၊ သတ်ရမှာလဲ ပြောစမ်းပါဦးကွယ်"

နင့်ခနဲ ခံလိုက်ရသည်။ စိတ်နှလုံး တုန်လှုပ်ရခြင်း ဝေဒနာကို ရှေးက တစ်ရံ တစ်ဆစ်မျှ မခံစားစဖူး။ ပူလောင်သည်းထန်လွန်းလှသည်။

"မောင် ပြောပြပါ့မယ် ဖြူ၊ ဒီစကားပြောပြီးရင် မောင့်ကို ဖြူ ခွင့်မလွှတ်ပါနဲ့။ ဖြူကြိုက်သလို စီရင်ပါ။ မောင် မညာချင်တော့လို့ပါ"

"ပြောလေ မောင်၊ ပြောသာပြောပါ"

ရေပြင်ကို လွန်သွားသော မျက်လုံးသည် စလင်းတောင်ခြေသို့ လွင့်ပါး နေသည်။ ပြာမှိုင်းသော တောင်ခိုးသည် တောအုပ်စိမ်းနှင့် ရောလျက်ရှိသည်။

"ညိုမှာနဲ့မောင်နဲ့ စေ့စပ်ထားတာ အမှန်ပဲ ဖြူ"

စကားအဆုံးတွင် ကျွန်တော်သည် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ ဖြူ့အသံ မကြားရ။ ကျွန်တော့်ရင်ထဲတွင် တင်းကျပ်လာသည်။ ဖြူ့စကား မကြားရ။ မွန်းလာသည်။ ဖြူသည် ကျွန်တော့်အပါးတွင် ရှိမှ ရှိပါလေစဟု အတွေးပေါက်လာသည်။ ငှက်အသွင်ဖြင့် တောအုပ်ဆီသို့ ပျံပြေးသွားပြီလား။ ငါးအသွင်ဖြင့် ရေတွင် ကူးပျောက် သွားလေပြီလား။ နဂါးအသွင်ဖြင့် မြေကိုခွဲကာ ထွက်ပြေးသွားလေပြီလား။ သို့မဟုတ် ဒေါသဖြင့် ကျွမ်းမြိုက်ကာ အငွေ့ဖြစ်သွားလေပြီလား။ သို့ရာတွင် ဖြူရှိရာသို့ မျက်နှာ မမူရဲ။ ပျားခတ်သံကိုမျှ ကြားနိုင်စွမ်းအောင် စွင့်ထားသော နားသို့ ဖြူ့ပင့် သက်က ဦးစွာရောက်လာ၏။ မရှေး မနှောင်းပင်

"ဩော်"

ပါးရှစ်စိတ်ကွဲခြင်းထက် အဆများစွာပြင်းထန်စေသော အံ့အားတသင့် ညည်း လိုက်သံပေတကား။ ဝမ်းနည်းကြေကွဲသော ရင်မှဖြစ်ပေါ်ရာ မြည်တမ်းသံပေ တကား။ ကန်ရေပြင်နှင့် အမြင်တို့ကြားတွင် ပါးလွှာသော ရေပြင်တစ်ထပ်ခြားလျက် ရှိလေ သည်။

***

*ဒီနေ့ ကိုသက်နှင့် ဖြူတို့ ကိုးနာရီကျော်မှာ တွေ့ကြတယ်။ သူ့မှာ ပြောစရာ ရှိတယ်ဆိုလို့ ကျောင်းပြေးရတယ်လေ။ ဆည်တော်ကန်မှာ သွားယိုင်ပြီး စကားပြော ကြတယ်။ ငြိမ်းငြိမ်းကို မတိုင်ပင်မိတဲ့အတွက် တောင်းပန်ပါတယ်။ အဲဒီအချိန်မှာ ဖြူ*
mgyoe.com

mgyoe.com

*မမျှော်လင့်တဲ့စကားတွေ ကြားလိုက်ရတယ်။ အဲဒီစကားကတော့ သူနဲ့ညီမှာဆိုတဲ့ အမျိုးသမီးနဲ့ စေ့စပ်ထားတဲ့အကြောင်းပဲ။ ဖြူလေ ကြားလိုက်ရတာနဲ့ သိပ်တုန်လှုပ် သွားတယ်။ ဘယ်လိုဖြစ်မယ်ဆိုတာကို ငြိမ်းငြိမ်း စဉ်းစားကြည့်လေ။ ဖြူ တော်တော် ဒေါသထွက်သွားတယ်။ ထိုင်နေရာက ချက်ချင်း ထွက်ပြေးသွားချင်တယ်။ ဒါပေမဲ့ လိုက်လာမိနေမှပဲ မထူးတော့ဘူး။ ဒေါသက ရင်ထဲမှာ မီးတောက်နေလွန်းလို့လား၊ ညှိုးငယ်နေလွန်းတဲ့ သူ့မျက်နှာကြောင့်လားတော့ မသိဘူး။ ရန်စကား ပြောမထွက် ခဲ့ဘူး။*

အံ့ဩသွားရသည်။ ထိုနေ့က ဖြူ့မျက်နှာကို ပြန်လည် စဉ်းစားကြည့်သည်။ နှုတ်ခမ်းလွှာပေါ်က အရေးအကြောင်းလေးတွေ၏ အတွန့်အတက် အရွေ့အလျား ဟူသမျှကိုပင် ပီပီပြင်လာသည်။ ဒေါသကို ဝိုးတဝါးပင် မမြင်ခဲ့ရ။ ဖြူ့စာကို ဖတ်ရ တော့မှသာ ဖြူ့စိတ်ကို သိရသည်။ ဖုံးကွယ်နိုင်စွမ်းသော ဖြူပေတကား။

*ဒါပေမဲ့ ရင်ထဲမှာ သိပ်ထိခိုက်နေလို့လား မသိပါဘူး ငြိမ်းငြိမ်းရယ်။ မျက်ရည်ကျအောင် စိတ်ထိန်းလို့ မရခဲ့ဘူး။ ဝမ်းနည်းလွန်းလို့ ငိုပစ်လိုက်မိတယ်။ ရှက်လည်း ရှက်တော့ဘူး။ ညီမှာဆိုတာ ကျောင်းပေါင်းစုံ ပြေးခုန်ပစ်တုန်းက ဖြူတို့ တွေ့ခဲ့တဲ့ အမျိုးသမီးပေါ့။ ကိုသက်နဲ့အတူ တတွဲတွဲနေတဲ့ အမှတ်နှစ် အထက်တန်းကျောင်း ကလေ။ ဖြူက သူ့ကို မေးလိုက်တယ်။ 'ဖြူ့ကို သက်သက် စမ်းတာလား' လို့။ 'အညှာ လွယ်တယ်ထင်ပြီး စမ်းတာမဟုတ်ပါဘူး' တဲ့။ သူဖြေတယ်လေ။ 'သူ တကယ်ပဲ ဖြူ့ကို ချစ်တာပါ' တဲ့။ 'ညီမှာကို ချစ်လို့ စေ့စပ်တဲ့အထိ ဖြစ်ခဲ့တာမဟုတ်ဘူးလား' လို့ ဖြူ မေးတော့ သူခေါင်းခါတယ်။ သူ ဖြူ့ကို ညာတာပါ။ သူ့လက်မှာ ကျောက်စိမ်းလက်စွပ်က အမြင်သာချည်း။ ညီမှာကို မချစ်ရင် အဲဒီစေ့စပ်လက်စွပ်ကို သူ ဝတ်ထားပါ့မလားကွယ်။ ငြိမ်းငြိမ်း စဉ်းစားကြည့်စမ်း၊ ဖြူ တစ်ခွန်းပြောလိုက်တယ်။*

ဘယ်ဘက်လက်သူကြွယ်ရှိ ကျောက်စိမ်းလက်စွပ်ကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်မိသည်။ ထိုလက်စွပ်နှင့် စပ်လျဉ်း၍ ဝတ်ပင်ဝတ်ထားရသော်လည်း စိတ်အမှတ်အသား ထင်ထင်ရှားရှားမရှိခဲ့သည်မှာ ကြာချေပြီ။ ဖြူ့အမြင်အရသော် တစ်မျိုးဖြစ်လျက်နေမည်တည့်။ ဖြူ့အား မျက်ရည်ပေးသောအရာ။ ထိုအကြောင်းနှင့် ထိုသို့ရှိစဉ်က ကျွန်တော့်ရင်ထဲသို့ ဖြူ့အမြင် ထွင်းမဝင်ခဲ့ဟု ထင်၏။ ငိုသောဖြူ့အား နှစ်သိမ့်စကား မပေးနိုင်ခဲ့။ ဝေဒနာတွေ ပေးမိခဲ့ပြီဟူသောအသိသည် လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲပစ်လိုက်ချင်ပြီဟု စိတ်ကူးသည်လည်းကောင်း တွေးသင့် တွေးထိုက်ရာ မတွေးဖြစ်စေခဲ့။ အခိုက်အတန့်အားဖြင့် အသက်မဲ့သူသဖွယ် ဖြစ်ခဲ့ရ လေသည်။ ဖြူရယ်၊ မငိုပါနဲ့၊ ဖြူ မျက်ရည်ကျတာ မြင်ရတော့ မောင့်ရင်တွေ သိပ်နာတယ်။ ကြေကြေကွဲကွဲကြီး

mgyoe.com

mgyoe.com
လည်း ခံစားရတယ်။ တိတ်ပါ ဖြူရယ်ဟူ၍ အသံမဲ့စွာ ပြောဖြစ်နေသည်ဟု မှတ်မိနေ၏။

*လမ်းခွဲက တိုတောင်းလိုက်တာလို့။ သူ ဘာမှ ပြန်မပြောတော့ဘူး။ သူ့စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဖြူ တကယ်သိချင်တယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး အမှန်ကို သိနိုင်မလဲ ငြိမ်းငြိမ်းရယ်။ သူနဲ့ ညိုမာနဲ့ စေ့စပ်ထားတယ်ဆိုတဲ့ သတင်း သန့်သန့် ကြားရတုန်းက မေးဖူးတယ်လေ။ သူ ဖြေတယ်မဟုတ်လား။ မဟုတ်ပါဘူးတဲ့။ ဖြူ ယုံခဲ့တယ်။ သူမို့လို့ ဖြူ့ကို ညာရက်တယ်။ သူလိမ်ထားတာကို သူ အမှန်ပြောတော့မှပဲ အမှန်အတိုင်းသိရလို့ ချီးကျူးချင်ပါတယ်။ ဖြူ့ကို သူ ကြာကြာလိမ်ညာဟန်ဆောင်မထားတဲ့အတွက်ပေါ့။ တကယ်လို့သာ ကမ္ဘာချဉ်းအောင်များ ညာထားဦးမယ်ဆိုရင် မိဖြူတစ်ယောက်ကတော့ အညာမိနေဦးမှာပဲနော်။ သူက ပြောတယ်။ သူ့ကို ရိုက်ပါတဲ့။ ကြိုက်သလို လုပ်ပါတဲ့။ ငြိမ်းငြိမ်း သိပါတယ်။ ဖြူ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ။ ဖြစ်ရတဲ့ဒေါသက သူ့ကို မဟုတ်ပါဘူး။ ဖြူ့ကိုယ်ဖြူပါ။ ဒီတော့ သူ့ကို နာအောင်ကျင်အောင် ဖြူ ဘယ်လာပြုရက်ပါ့မလဲ။ သူကသာ ဖြူ့ကို တစ်သက်မပျောက်ပျက် စေမယ့် ဒဏ်ရာတွေ ဖြစ်စေခဲ့တာပါ။ ရက်စက်တယ်ကွယ်။ ကန်စောင်းမှာ ထိုင်နေကြတာ အကြာကြီးပဲ။ ကျောင်းဆင်းချိန်ကျမှ အိမ်ကို ပြန်တယ်။ စကားတော့ မပြောဖြစ်ပါဘူး။ ဖြူ့ရင်ထဲက စကားတွေကို သူ နုတ်ယူပြီး လွှင့်ပစ်လိုက်သလို ခံစားရတယ်။ အချိန်ကုန်ခဲလိုက်တာလို့လည်း တွေးမိတယ်။ ခါတိုင်းလို သူ ခွံ့ကျွေးတဲ့ ရှာမီ ချောကလက်ကို ဖြူ မစားတော့ဘူး။ ခေါင်းခါပြတော့ သူ သက်ပြင်းချတယ်။ အဲဒီကျတော့လည်း စိတ်မကောင်းဖြစ်ရပြန်ရော။*

တကယ်တော့ ချောကလက်ခဲပတ်ကို ခွာနေစဉ် ဖြူ တစ်ချက်လှည့်ကြည့် သည်။ သူ့ကို ခွံ့နေကြမှန်းသိသော မျက်လုံးဖြင့်ကြည့်သည်။ ချောကလက်ကိုင် ထားသော လက်ကို သူ့နှုတ်ခမ်းဆီသို့ အကမ်းတွင် ခေါင်းခါပြသည်။ ဖြူ့မျက်နှာတွင် အပြုံးဟူ၍ ငွေ့ငွေ့မျှပင်မထင်။ ထို့ကြောင့် ထင်၏။ စားပါဖြူရယ်ဟု ကျွန်တော် မပြောဝံ့ခဲ့။ အတန်ကြာ ငိုင်တွေတွေဖြစ်နေရာမှ မရည်ရွယ်လျက်နှင့် လက်ကို လှုပ် လိုက်မိသည်။ လက်ခလယ်ဖြင့် တောက်၍ပစ်လိုက်သည်ကို ဖြူ မြင်လိုက်ဟန်ရှိသည်။ ရေထဲသို့ ချောကလက်ကျသွားသံမှာ နားတွင် အတော်မြည်သွားသည်။ ကမ်းစပ်သို့ ဖြည်းဖြည်း ရိုက်သောဂယက်တွေကို ဖြူ့နည်းတူ ကျွန်တော် ငေးကြည့်နေမိ၏။ ထိုအချိန်တွင် ဖြူ့နှုတ်ခမ်းလှုပ်မည်ပြင်သည်။ မသိမသာတုန်နေချိန်တွင် လှည့်ကြည့်မိ သည်။ မျက်ဝန်း နက်ပေါ်လွင်သော၊ ကြည်လင်သော၊ ကျွန်တော့်အချစ်ကို စစေခဲ့သော ဖြူ့မျက်လုံးသည်မှ တစ်ဖက်ကမ်းသို့သာ။ ကျွန်တော့်ကို ဖြူ နာကြည်းပြီလား မပြောတတ်။
mgyoe.com

mgyoe.com

*သူတစ်ပါးပစ္စည်းကို ယူထားသလို ဖြစ်နေပြီပဲ ငြိမ်းငြိမ်းရယ်။ ပိုင်ရှင့်လက်ထဲ အရောက် ဖြူ ပြန်အပ်လိုက်ပါ့မယ်။ ဆည်တော်ကန်ကအပြန်မှာ ဖြူ ဆုံးဖြတ်ခဲ့တယ်။ အပြန်လမ်းဟာ ခွဲခွာဖို့ကလွဲရင် တခြားဘာအဓိပ္ပာယ်မှ မရှိပါဘူးကွယ်။ အိမ်ကို ပြန်ရောက်တော့ စိတ်ညစ်စရာ ထပ်ကြုံရတယ်။ ဗိုလ်သန့်ဇင်ရောက်နေတယ်လေ။ သူနဲ့ စကားမပြောဖြစ်ပါဘူး။ ခေါင်းကိုက်လို့ဆိုပြီး အခန်းထဲမှာ အိပ်နေလိုက်တယ်။ တကယ်အိပ်လို့ မပျော်ပါဘူး။ မာမီနဲ့ စကားပြောသံကြားနေတယ်။ တပ်ကနေ ခွင့်နဲ့ ပြန်လာတာတဲ့။ သူ့မိဘလည်း ရွှေ့လထဲလောက် အလည်လာမယ်တဲ့။ တော်တော်နဲ့ မပြန်ဘူးကွယ်။ ဒက်ဒီ ရုံးကပြန်လာတဲ့အထိ နေသေးတယ်။ ညစာ စားမသွားတာပဲ ကျေးဇူးတင်ရသေး တယ်။ နို့မဟုတ်ရင် ထမင်းဝိုင်းမှာ မျက်နှာချင်းဆိုင်နေရဦးမယ်။ အဲဒီအချိန်အထိ ရှိနေဦးမယ်ဆိုလည်း ဖြူတော့ ခေါင်းကိုက်ချင်ယောင် ဆက်ဆောင်ထားမှာပဲ။ မိဘချင်း သဘောတူတာက တူတာ တခြားပဲ။ ဖြူချစ်တာက ကိုသက် တစ်ယောက်တည်းကိုပဲ။ ဒါပေတယ်လို့ ငြိမ်းငြိမ်းရယ်။*

ဆည်တော်ကန်မှ အပြန် ခြေလှမ်းတို့သည် ကျွန်တော့်ကို ခွဲသွားမှန်းမသိခဲ့။ ဖြူ့စာထဲမှ စကားလုံးတိုင်း စကားလုံးတိုင်းက ကျွန်တော့်သည်းပွတ်ကို တစ်စစီ ချွဲနေသည် ထင်၏။ စာဆက်၍မဖတ်နိုင်အောင် တန့်သွားစေသည့် အကြောင်းအချက်ကို သတိပြုမိလိုက်သည်။ လွန်ခဲ့သော လေးငါးလခန့်က ဖြူပြောပြ၍ သိခဲ့ရသည်။ ဗိုလ်သန့်ဇင်နှင့်စပ်လျဉ်းရာ စကားများ၊ နှစ်ဖက်မိဘ စကားစခဲ့ကြဖူးသော်လည်း ဖြူသည် ယနေ့တိုင် အဖြေမပေးသေး။ ကျွန်တော့်ကိုမူ ဖြူ ယတိပြတ်ပြောပြလေသည်။ ကျွန်တော်သည်သာ သူ့အတွက် ခရီးဖော်၊ အချစ်၊ အိမ်ထောင်ဘက်။ ဗိုလ်သန့်ဇင်ကို မေတ္တာထားရန် စိတ်ကူးဖြင့်ပင် မရဟုပြောခဲ့သည်။ ဖြူက မည်သို့သဘောထားသည် ဖြစ်စေ၊ ဖြူတို့အိမ်သို့ ဝင်လမ်းထွက်လမ်း အခွင့်သာနေသူမှာ ဗိုလ်သန့်ဇင်။ ကျွန်တော့် တွင် ထိုအခွင့်အလမ်းမရှိ။ ဖြူ့စာထဲတွင် ထိုသူအကြောင်း ဖတ်ရသောကြောင့် မျက်နှာတင်းသွားမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

*ဖြူ့ဘဝကို တွေးကြည့်စမ်းပါ။ ကန်စောင်းမှာ မထိုင်ခင်အထိ သူနဲ့ညီမှာတို့ စေ့စပ်ထားတာ တကယ်ပဲလို့ သူပြောတဲ့စကားကို မကြားရခင်အထိ စိတ်ကူးထားရတဲ့ အနာဂတ်က ဖြူ့အဖို့ သိပ်ပြီး လှလို့နေခဲ့ပါတယ်။ ချမ်းမြေ့စရာလည်း အပြည့်ပါ။ ကြည်နူးစရာလည်း အတိပါ။ ကြားလိုက်ရတဲ့အချိန်မှာ ကိုယ့်နားကို ကိုယ်မယုံနိုင်အောင် ဖြစ်ခဲ့ရတယ် ငြိမ်းငြိမ်းရယ်။ ပျက်စီးသွားတဲ့ အနာဂတ်ကို နှမြောစိတ်နဲ့ တွေးရင်း ဝမ်းနည်း လာတယ်။ ကျကွဲသွားတဲ့ ဖန်ခွက်လှလှလေးကို နှမြောလွန်းလို့ ငိုင်ပြီး ကြည့်နေမိသလို*

mgyoe.com

*ပါပဲကွယ်။ တစ်စစီ ပြန်ကောက်ဖို့တောင် မေ့သွားသလို ရင်ထဲမှာ ဟာလာဟင်းလင်း ခံစားရတယ်။ တစ်မျိုးပဲကွယ် သိလား တစ်မျိုးပဲ။ စားလို့လည်း မရဘူး။ တစ်နေ့ရာမှာ အာရုံစိုက်ထားလို့ကို မရဘူး။ မျက်လုံးစုံမှိတ်ပြီး အိပ်ပစ်လည်း မရဘူး။ ခု ဒီစာကို ရေးနေတော့ သန်းခေါင်ကျော်လို့ နာရီပြန်တစ်ချက်ထိုးသံကြား လိုက်ရတာပဲ အတော်ကြာပြီ။ ဖြူ့စိတ်တွေ သိပ်ယောက်ယက်ခတ်နေတယ်။ တွေးမိ တာလည်း အစုံပါပဲ။ အစကပြန်လို့ မျက်လုံးထဲမြင်လာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးခွန်းတွေ အများကြီးမေးမိတယ်။ ဖြေနိုင်တာလည်းရှိတယ်။ မဖြေနိုင်တာလည်း ရှိတယ်။ ကိုသက်ကို ချစ်နေတာလည်း အမှန်ပါပဲ။ သူနဲ့ ခွဲလည်းမခွဲချင်ဘူး။ ကွဲလည်း မကွဲချင်ဘူး။ သူ ရက်စက်တာလည်း နာချင်တယ်။ မုန်းပစ်ချင်တယ်။ ခဏလေးဖြစ်ဖြစ် မေ့ဖျောက်ထားလို့ရရင်ပဲ စိတ်သက်သာ ရာအတော့်ကို ရမှာပါ။ ဦးနှောက်တွေ နားနား နေနေ နေလို့ မရဘူး ငြိမ်းငြိမ်းရယ်။ မင်း နားလည်လိမ့်မယ်ထင်တယ် သူငယ်ချင်းရယ်။ အသက်ရှူရတာတောင် မဝဘူးကွယ်။ ဆို့နေတယ်။*

တွေးချင့်စာနာနားလည်ခဲ့သည်မှာ အဖြစ်မှန်ကို ပြောမည်ကြံရွယ်ကတည်းက ပူလောင်သည်းထန်သော ခံစားမှုသည် ဖြူ့သည်းပွတ်ကို တိုက်စားသွားမည်မလွဲဟု တင်ကြိုတွက်ခဲ့သည်။ ဆောက်တည်ရာမဲ့နေသော ဖြူ့သဏ္ဍာန်ကို မှန်း၍မြင်နေသည်။ ထိုမျှ စူးရှကြမ်းတမ်းသောရင်တွင်းနာကို ဖြူသည် ပင်ပန်းတကြီးပယ်ဖျောက်နေရ ပေလိမ့်မည်။ အနာတရဖြစ်စေခဲ့သူ ကျွန်တော့်ကို အဆများစွာနာကြည်းသင့်လေ၏။ အထုကြီးစွာ မုန်းတီးသင့်လေ၏။ အနန္တကာလများစွာ မေ့အပ်ချေ၏။ ကျွန်တော့် တရားကို ကျွန်တော် စီရင်ရလျှင် ထိုအမေ့၊ ထိုအမုန်း၊ ထိုအနာများဖြင့်သာလျှင် ဖြစ်ပေမည်။ သို့တစေ ဖြူသည် ကျွန်တော့်ကို ချစ်မြတ်နိုးမြဲပေတကား။

*ငြိမ်းငြိမ်းရယ် ရင်ထဲရှိတဲ့အတိုင်းပြောရရင် မင်း သိပ်အံ့သြသွားမှာပဲ။ ဖြူလေ သေသွားချင်တယ်။ ဒါပေမဲ့ သူ့ကို အောက်မေ့ရတဲ့ဘဝ၊ ချစ်ရတဲ့ ဘဝ၊ တမ်းတ ကိုးစားရတဲ့ဘဝ ပျောက်သွားမှာစိုးလို့။ အဲဒီဘဝကိုပါ ထပ်ပြီး အဆုံးအရှုံးခံလိုက်ရမှာ စိုးလို့ မသေချင်ပြန်ဘူး။ သူ့ကို မပိုင်ရချင်လည်း နေပါစေ။ မမြင်ရ၊ မတွေ့ရတဲ့ ဘဝဆိုရင် ဒါထက် ရင်ကွဲရဦးမယ်။ ဖြူတော့ ရူးနေပြီလားမသိဘူး။ သေပြီးတဲ့ နောက် မှာတော့ ဘယ်ကလာ ရင်ကွဲပါတော့မလဲနော်။*

ဖြူ့နောက်ကွယ်တွင် ဖြစ်ပျက်ခဲ့သမျှကိုသာ ဖြူသိသွားလျှင် ထိုစိတ်မျိုး ထားနိုင် လိမ့်မည်မထင်။ ကျွန်တော့်ကို ဖြူပေးထားသော စာငါးစောင်လုံးသည် ညိုမှာ့ အမေ ဒေါ်မြရင်ထံတွင် ရောက်ရှိနေကြောင်း ဖြူ မသိရှာ။ မည်သို့မည်ပုံဖြင့် ရောက်ရှိ နေကြောင်း

mgpe.com

mgyoe.com
ဖြူ သိများသိလျှင် ခွင့်လွှတ်စရာမရှိ။ ပြာဖြစ်သွားစေနိုင်လောက်သော အကြည့်ဖြင့် ဖြူကြည့်မည်မလွဲ။

*သုံးလေးရက်တော့ ကျောင်းမတက်သေးဘူးကွယ်။ နေမကောင်းလို့ ဘာလို့ ဆိုပြီး ခွင့်တိုင်လိုက်မယ်။ ဒီစာနဲ့အတူ ခွင့်စာပါရောပြီး ပေးလိုက်တယ်။ ငြိမ်းငြိမ်းပဲ ဆရာကြီးဆီကို ပို့ပေးပါ။ တနင်္လာနေ့လောက်တော့ ပြန်တက်မယ် စိတ်ကူးတယ်။*

စာဆုံးသွားသည်။ ဖြူ့လက်မှတ်ကို တွေ့ရသည်။ လက်မှတ်အောက်တွင် လေးနာရီထိုးပြီးပြီဟု ရေးထားသည်။ ဖြူသည် ထိုစာကို တောက်လျှောက်ရေးသားခဲ့ပုံ မရ။ အထူအကျဲ ကွာနေသည်။ လက်ရေးကွာနေသည်။ ရေးဖန်များသောအခါ မင်ဖျော့ကာ လက်ရေးသော့လာသည်။ ရေးခါစတွင် မင်အလိုက်များပြီး လက်ရေး မှန်နေသည်။ ဒီစာကို ရေးခဲ့သည့်ညက ဆောက်တည်ရာမရခဲ့ပုံမှာ သိလွယ်၏။

ဖြူ ကျောင်းမတက်ခြင်းကို ယခုမှ အကြောင်းအရင်း သိရသည်။ တစ်နေ့တုန်းက ငြိမ်းငြိမ်းနှင့်သွားတွေ့ကာ မေးကြည့်သည်။ နေမကောင်း၍ ခွင့်တိုင်စာ သူ့ထံပို့ ကြောင်း ဖြူ့ထံသို့ သူ မသွားဖြစ်ကြောင်း ငြိမ်းငြိမ်းပြောသည်။ အမှန်တကယ် နေထိုင် မကောင်းခြင်း ဟုထင်၍ စာတိုတစ်စောင် ကျွန်တော် ရေးပေးခဲ့သည်။ နေမကောင်းဟု သိရ၍ စိတ်ပူ ကြောင်း၊ နေကောင်းအောင် ကြိုးစားစေလိုကြောင်း၊ လေစိမ်းအတိုက် မခံရန် အအေးမမိစေ ရန် သတိပြုစေကြောင်း၊ လာတွေ့ချင် သော်လည်း အခြေအနေ မပေး၍ သတင်းမေးမလာ နိုင်ကြောင်း၊ သက်သာရန် ဆုတောင်းကြောင်း ရေးခဲ့သည်။ ထိုစာကို ညနေပိုင်းတွင် ဖြူ့လက်သို့ ရောက်အောင် ပို့ပေးပါမည်ဟု ငြိမ်းငြိမ်းပြော သည်။ ထိုစကားကိုပြောသော ငြိမ်းငြိမ်းမျက်နှာသည် ရေးကနယ် မဟုတ်ဟု အမှတ်ရ ၏။ ဘာရယ်ကြောင့်ကား ခွဲမသိ။ အမှန်တွင် ငြိမ်းငြိမ်းသည် ဖြူ ဒီစာကို ဖတ်ရ၍ မျက်နှာမကောင်း၊ မျက်စိမလုပ်ဖြစ်ခဲ့ခြင်းဟု ခုမှသိသည်။ ပွင့်လင်းသောငြိမ်းငြိမ်းသည် ဆည်တော်ကန်တွင် ဖြောင့်ဆိုဝန်ခံခဲ့ခြင်းကို တစ်ခွန်းမမေးခဲ့။ ထိုအကြောင်းနှင့် ပတ်သက်၍ စကားမဆက်ခဲ့။ ကျွန်တော့်ကို ငြိုငြင်လေ ပြီ လားမသိ။ အထင်ရခက်ပြန် သည်။ စိတ်ကွက်ရိုးမှန်ပါက ဖြူ့စာကို ကျွန်တော့်အား ပေး၍ဖတ်စေမည် မဟုတ်။ သည်စာသည် ငြိမ်းငြိမ်းလက်ဝယ် သုံးရက်ပင် ကြာခဲ့လေ ပြီ။ အတွေးမျိုးစုံကြောင့် ငြိမ်းငြိမ်းနှင့် တွေ့ချင်သည်။ ငြိမ်းငြိမ်း စာလာပေးစဉ်က အိမ်မှာ ကျွန်တော် မရှိ။ မောင်ပြုံးနှင့်အတူ ညီမှာတို့အိမ်သို့ ရောက်သည်။ အိမ်သို့ ပြန်ရောက်မှ ငြိမ်းငြိမ်း လာသွားကြောင်း၊ စာတစ်စောင်ပေးသွားကြောင်း အမေပြောပြ၍ သိရသည်။ အညိုရောင် စာအိတ်ရှည်ပေါ်တွင် "မောင်မောင်သက်သို့" ဟု ရေးထားသည်။ ဘေးတွင် 'ငြိမ်းငြိမ်းကျော်' ဟု ရေးထားသည်။ ငြိမ်းငြိမ်း၏ အမည်သည် အစက ငြိမ်းငြိမ်း၊ ဖြူဖြူ
mgyoe.com

ကျော်ဟူသော ဖြူ့အမည်အပြည့်အစုံကြောင့် 'ကျော်' တစ်လုံးတိုးလာခြင်းဖြစ်သည်။ ဖြူ့ကို ချစ်၍ ငြိမ်းငြိမ်းသည် ကျော်တစ်လုံး တိုးလာသကဲ့သို့ ကျွန်တော့်အမည်သည် မောင်မောင်ကျော်ဖြစ်လာသည်။ စာအိတ်၊ ကျောင်းစာအုပ်ပေါ်တွင် ထိုအမည်ကို ကျွန်တော်သုံးသည်။ ဖြူနှင့်ငြိမ်းငြိမ်းတို့က ထိုအမည်ကိုသုံးသည်။ ယခုသော် စာအိတ်ပေါ်တွင် ငြိမ်းငြိမ်းရေးလိုက်ပုံမှာ အဓိပ္ပာယ် များစွာထွက်နေသည်။ ကျွန်တော်သည် ဖြူနှင့် မပတ်သက်တော့ဟု ငြိမ်းငြိမ်း ရည်ရွယ်ကာ အမည်ဟောင်းအတိုင်း ရေးလိုက်ခြင်းပေလား တွေးမရ။

စာခေါက်ကို အိတ်တွင်ပြန်ထည့်ပြီး အိပ်ရာမှ ထလိုက်သည်။ ဗီရိုထဲတွင် သိမ်းလိုက်သည်။ အောက်ထပ်သို့ ဆင်းခါနီးတွင် ပြတင်းကို မျက်နှာမူမိသည်။ နေခြည်ကို မတွေ့ရတော့သည့်တိုင် အလင်းသည် လင်းလင်းချင်းချင်းရှိနေသေးသည်။

❑

mgyoe.com

mgyoe.com

[ ၂ ]

ထူထဲသောမျက်ခုံးသည် တွန့်၍နေသည်။ ဖြူသောမျက်နှာသည် မသိမသာ နီနေ၏။ နှုတ်ခမ်းကို ခပ်စုစုထားကာ ခေါင်းတဆတ်ဆတ် ညိတ်နေ၏။ အခြေအနေ အားလုံးကို စုရုံးပြီး စဉ်းစားနေပုံရသည်။ အသက်ကို ပြင်းပြင်းတစ်ချက် ရှူသံကြားရသည်။

"မနက်ဖြန် ဖြူ ကျောင်းတက်ရင် မင်း သွားတွေ့လိုက်ကွာ"

"အင်း တွေ့ပြီးတော့ ငါ ဘာပြောရမလဲ"

"ထပ်ပြီးတောင်းပန်ကွာ"

"ဆည်တော်ကန်မှာတုန်းက ငါ တောင်းပန်ပြီးပြီကွ မောင်ပြုံးရ"

မောင်ပြုံးသည် နှုတ်ခမ်းစေ့ကာ မဲ့ပြသည်။ ခေါင်းခါရင်း ပြောသည်။

"တောင်းပန်စကားတင်မကဘူး။ မင်း သူစိတ်ချမ်းသာအောင် ချော့ရမယ်။ နှစ်သိမ့်စကားတွေပြောရမယ်"

"အင်း"

"ဖြူ့စာကို မနက်ဖြန်ကျရင် ငါလာဖတ်မယ်ကွာ။ မင်း ပြောပြသလောက်နဲ့ပဲ ဖြူ ဘယ်လောက်ခံစားရမယ်ဆိုတာ ကိုယ်ချင်းစာမိတယ်"

သူသိမည်စိုး၍ သက်ပြင်းတစ်ချက်ကို ခပ်တိုးတိုးချလိုက်မိသည်။

"ငါမှားတယ် မောင်ပြုံးရာ၊ ဖြူဟာ"

"မတားမြစ်ခဲ့တဲ့အတွက် ငါ့မှာလည်း အပြစ်မကင်းပါဘူး။ ဟင်း အကြောင်း စုံများ ငါ့အမျိုးသမီးသိလိုက်ရင်လား၊ ငါ့ကို အတော်ချဉ်သွားမှာပဲ"

mgyoe.com

စကားကိုလှ၍ပြောသည်။ ငြိမ်းငြိမ်းကပါ သူ့ကို အမြင်မှားမည်ဟု ကြောင့်ကြ စကားဆိုလေသည်။ ထိုစကားနှင့် စပ်လျဉ်း၍ ပြန်မပြောဖြစ်။ ထိုအခိုက် လေးလံသော စကားတစ်ခွန်း သူ ပြောလေသည်။

"ဖြူနဲ့ပတ်သက်တဲ့အမြင်က တက်တက်စင် လွဲသွားတာ အမှန်ပဲ"

"ဟုတ်တယ်"

"ပေါ့ပေါ့ရှပ်ရှပ်လို့ထင်ခဲ့တာလည်း မဟုတ်ဘူး"

"နေတာထိုင်တာ ပြောတာဆိုတာ သက်သက်ကြည့်ပြီး ဆုံးဖြတ်ချက်ချခဲ့တာနဲ့ ဖြူ့အကြောင်းကို ကိုယ်တွေ့သိလာရတာနဲ့က တခြားစီပဲ မောင်ပြုံးရာ၊ ငါ့ကို ခပ်ပေါ့ပေါ့ သဘောထားမယ်ထင်တာလည်း မှားနေတယ်။ လွန်ခဲ့တဲ့ သုံးလေးလလောက်ကတည်းက ငါ သိနေတယ်။ အမှန်တော့ ညိုမှာ ဂြိုဟ်ထောင်တာပဲ"

မောင်ပြုံးက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ ပုအိုင့်အိုင့် ခန္ဓာကိုယ်သည် လှုပ်၍နေလေသည်။ ဘာကြောင့်ရယ်သည်ဟု မသိရ၍ ငေးတိငေးကြောင် ဖြစ်သွားသည်။ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသော ကျွန်တော့်ကို စူးစူး စိုက်စိုက် ပြန်ကြည့်ရင်း ဆက်ပြီး ရယ်နေသည်။ သူ့ရယ်သံကြောင့် ချင်းသုပ်ဆိုင်ရှင်နှင့် အလုပ်သမား တစ်ချို့က လှမ်းကြည့်ကြသည်။ ကျွန်တော်ပင် ရောယောင်ကာ ပြုံးနေမိချေ၏။ အရယ်စဲခါနီးတွင် မေးလိုက်၏။

"ဘာဖြစ်လို့လဲကွ၊ မင်းရယ်သံကြီးကလည်း"

ရယ်သံမစင်သေးသောအသံဖြင့် ခပ်တိုးတိုးပြောသည်။

"မောင်မောင်သက်ရာ မင်းပြောပုံသဘောကျလွန်းလို့၊ ညိုမှာ့ကို ဂြိုဟ်ထောင် တာပဲ ဘာပဲနဲ့ မင်းပြောလာတာကို သဘောကျလို့ကွ သိလား။ ညိုမာနဲ့ ပြေပြေလည်လည် ဖြစ်ဖို့အတွက် ဖြူ့ကို စတေးရာကနေ ညိုမှာ့ကို တရားခံအဖြစ် မင်းလက်ညှိုး ထိုးပြန် ပြီနော်"

ကျွန်တော် ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး သူငယ်ချင်း၊ ညိုမာဟာ တစ် တရားခံလည်း မဟုတ်ဘူး။ နှစ် တရားခံလည်း မဟုတ်ဘူး။ တရားခံဟာ ငါ တစ်ယောက်တည်း၊ ဒါပေမဲ့ ဖြူ့ကို ခုတုံး လုပ်ရာကျသွားတဲ့ကိစ္စမှာတော့ ညိုမှာ့ကြောင့် ဖြစ်ရတာ မောင်ပြုံး။ မင်း စဉ်းစား"

"အို ညိုမာနဲ့ ဘာမှမဆိုင်ဘူး။ အမှန်"

"သူ့အမေက ငါ့ကို ပြောလိုက်တာ မင်းကို ငါ ပြန်ပြောပြသားပဲ"

မောင်ပြုံးက လက်ဝါးကာပြသည်။ ခေါင်းဆတ်ဆတ်ညိတ်သည်။ သူ့စကားကို

mgyoe.com

 mgyoe.com 

ခဏနားထောင်ပါ။ မပြောပါနှင့်ဦးဟူသောသဘော။

"ငါပြောမယ်၊ မှားရင် မင်းပြော၊ ညိုမြမှာ့အမေက မင်းနဲ့ ညိုမြာ အဆင်မပြေတဲ့ ပြဿနာကို ဘာပြောလဲ"

ကျွန်တော် ဖြေမည် နှုတ်ခမ်းအပြင်တွင် လက်ကာပြသည်။ အချက်အလက်များ ရှင်းသည်ထက်ရှင်းရန် မေးခွန်းတစ်ခုထုတ်လိုက်၊ ဖြေလိုက် ရှင်းပြလိုက်မည်ပြုမည် ထင်၏။ ထင်သည့်အတိုင်းပင် မျက်တောင်တစ်ချက်ခတ်ကာ ဆိုင်အရှေ့ဆီသို့ လည်တိုင်လှည့်လိုက်ရင်း

"ညိုမြာဟာ ခုမှ အသက်ဆယ့်ရှစ်နှစ်ပဲရှိပါသေးတယ်တဲ့။ မင်းတို့ချင်းလည်း သံယောဇဉ်ရှိနေတာသိရ၊ လူကြီးချင်းကလည်း မကင်းရာ မကင်းကြောင်းမို့လို့ စေ့စပ်ပေးခဲ့တာတဲ့၊ တကယ်တော့ ညိုမြာဟာ မင်းကို ကလေးချစ် ချစ်တာမျိုးလောက်ပဲ ရှိတာပါတဲ့။ ဟုတ်လား"

ခေါင်းညိတ်သည်တွင် မျက်လုံးချင်း ခေတ္တဆုံသည်။ စူးရှသောအကြည့် ကြည့်ရင်း တံတောင်နှစ်ဖက်ကို စားပွဲပေါ်သို့ ထောက်သည်။ လက်ခုပ်ယှက်ကာ ဆုပ်လိုက်၏။ ပြီးမှ စားပွဲခင်းကို စိုက်၍ကြည့်လျက် စကားဆက်သည်။

"ဒါကြောင့် မင်းကို စိတ်ဝင်စားသလိုလို၊ ခပ်စိမ်းစိမ်း ဆက်ဆံလာတာ ဖြစ်မယ်တဲ့။ ဒါ ဒေါ်မြရင်ရဲ့တွက်ကိန်း။ သူ့သဘောကတော့ မင်းတို့နှစ်ယောက် အရင်ကလို ကျွမ်းကျွမ်းဝင်ဝင် ရင်းရင်းနှီးနှီး ရှိနေစေချင်တာပါပဲလို့ ပြောတယ်။ သူ အကြံတစ်ခုပေးမယ်ဆိုပြီး မင်းကို စကားပုံတစ်ခု ရွတ်ပြလိုက်သေးတယ်။ ဘာတဲ့၊ သြော် အချစ်စစ် အချစ်မှန်တို့တွင် ဝန်တိုခြင်းရှိသည်ဆိုတဲ့စကားပုံလေ"

ခေါင်းကို သာသာညိတ်ပြလိုက်သည်။ ထိုအချိန်တွင် သူ့နှုတ်ခမ်းမှ မဲ့ပြုံးကို မထင်မရှား မြင်ရ၏။

"ဒီတော့ကာ မင်းကို တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲပြဖို့ ညိုမြာ မြင်အောင် တွဲပြဖို့ အဘွားကြီးက သညာပေးတယ်။ အဲဒီမှာ မင်းကို အဘွားကြီးက ပြောတာက ချစ်သူတုရှာဖို့သာ သားကိုပြောတာနော်လို့ သတိပေးတယ်။ အဲဒီအခါကျရင် ညိုမြာ့အနေအထား ဘယ်လိုနေမယ်ဆိုတာ အဘွားကြီးက အကဲခတ်မယ်။ မင်းနဲ့ ညိုမြာပြေလည်အောင် အဘွားကြီးက ဘေးတီးပေးမယ် ဟုတ်လား။ အဘွားကြီး အစီအစဉ်က အဲသလို။ ဒီအစီအစဉ်အတွက် ချစ်သူတုအဖြစ် ဘယ်သူ့ကို အသုံးချရမလဲလို့ မင်းရွေးတယ်။ ဖြူ့ကို မင်းရွေးပြီး ခရီးအတော်ရောက်မှ ငါ သိရတာ ငသက်။ တကယ်လို့ မင်းနဲ့ငါ တစ်ကျောင်းတည်းသာဆိုရင် ဖြူ့ကို ရွေးမှန်း စောစောက သိရမှာ။ သိရင် ငါဖျက်မိမှာပဲ။ မင်းစကား

mgyoe.com

တစ်ဖက်ထဲနဲ့ ဖြူ့အကြောင်း ငါသိရတော့ ခပ်ပေါ့ပေါ့ပဲ သဘောထားခဲ့တယ်။ ဖြူ့ကို ငါနဲ့ မိတ်ဆက်ပေးဖို့ ခေါ်သွားလို့ မြင်ရတော့ ငါ စိုးရိမ်သွားတယ်။ ငြိမ်းငြိမ်းရဲ့သူငယ်ချင်း ဖြူဖြူကျော့မှန်း ငါသိရတော့ စိတ်လေးသွားတယ်။ သိကျွမ်းနေကြသူချင်းမို့ မင်း မိတ်ဆက်ပေးစရာမလိုဘူး ဖြစ်သွားတယ်မဟုတ်လား။ မင်းနဲ့ငါနဲ့ ပြန်လာတော့ လမ်းမှာ ငါပြောတာ မှတ်မိလား"

ပြုံးလိုက်ရ၏။ ခြောက်ကပ်နေမည်ထင်သည်။

"မှတ်မိပါတယ်၊ 'ဒုက္ခဘုံရဲ့ တံခါးဝကို မင်းရောက်နေပြီ သေက်လို့' ပြောတာ မဟုတ်လား"

သူ့မျက်နှာသည် တင်းရာမှ အတန်ငယ် လျော့လာသည်။

"ဒီကိစ္စဟာ ညိုမာ့ကြောင့်၊ ညိုမာ့အမေကြောင့်ဆိုတဲ့ မင်းကြောင့်တွေထက် မင်းကြောင့်ဖြစ်ရတယ်ဆိုတာ မင်းကိုယ်မင်း သိသင့်နေပြီ။ ဒီမယ်"

တစ်ခုခုကို ထူးထူးခြားခြားပြောမည့်စကားအခံဟု သိသည်။ သူ့ကို ကြည့်သည်။ တတောင်ကိုကြွကာ စားပွဲတွင် လက်ဖဝါးနှစ်ဖက် တင်သည်။ ကျောမှီလိုက်ရင်း

"ဖြူ့စာတွေအားလုံး ဒေါ်မြရင်ရဲ့ လက်ထဲမှာလား"

"အင်း"

"မင်း သိပ်ခက်တဲ့ကောင်ပဲကွာ၊ ဘာလို့ ပေးရတာလဲ"

တစ်ခါပြောပြဖူးသော်လည်း သူ နားလျှံသွားဟန်တူ၏။ ပြန်လည်ရှင်းပြမှ ဖြစ်မည်။

"ပထမဆုံးစာကို ငါပေးတာမဟုတ်ဘူး။ အဲဒီနေ့က သူတို့အိမ်ကို သွားရင်း အဘွားကြီးက ငါ့လွယ်အိတ်ထဲ ဟိုရှာဒီရှာ ရှာရင်း တွေ့သွားတာ။ အဘွားကြီးက ယူထားလိုက်တယ်။ သူ့သမီး မြင်သာတဲ့ နေရာမှာထားဖို့တဲ့။ အဘွားကြီးကပြောတယ်။ 'ဒီစာက ဖြူနဲ့ငါ ချစ်သူအဖြစ် တိတိလင်းလင်း ဖော်ပြနိုင်တဲ့ စာမဟုတ်သေးဘူး' တဲ့။ 'ဟိုလိုလို ဒီလိုလို ဝေ့လည်လည်ဆိုတော့ ညိုမာ ဖတ်ကြည့်ပြီး စိတ်လှုပ်ရှားပုံမရှိဘူး' တဲ့။ 'သိသာတဲ့ စာရရင် လာပေးဦး' တဲ့။ ဒါနဲ့ နောက် စာလေးစောင်စလုံး ငါ ပေး လိုက်တာပဲ။ တတိယ စာမှာကတည်းက သိသာနေပြီလေ"

ဆက်၍ ပြောစရာမရှိ။ ထို့ကြောင့် ရပ်လိုက်သည်။ မောင်ပြုံးသည် ခေါင်းကို ဖြည်းဖြည်းယမ်းသည်။

"ငါ့ကိုတိုင်ပင်ခဲ့ရင် အဲသလောက်အထိ ပြဿနာ ကြီးလာစရာ မရှိပါဘူးကွာ။ ခုတော့ ရှေ့လျှောက် မလွယ်ရေးချ မလွယ်ချည့်ပဲ သေက်ရေ့"

mgyee.com

ဆိုလိုချက်ကို ကောင်းစွာနားမလည်။

"မင်းကို ပြောတော့ ပြောမလို့ပဲကွ။ ဒါပေမဲ့ ငါ့စိတ်ကူးနဲ့ငါ ဘာတွေလျှောက်လုပ်နေမှန်း မသိတော့သလို ဖြစ်နေတယ်ကွာ"

ခပ်တိုးတိုး တစ်ချက်ရယ်သည်။ ထို့နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ကာ

"ဟင်း ဟင်း တိကျအောင် ပြောရရင်တော့ ညိုမာ့စိတ်နဲ့ မွှန်နေတာလို့ ပြောရမှာပေါ့ကွာ။ ဟား ဟား မဟုတ်ဘူးလား"

မျက်နှာမထားတတ်အောင် ရှိန်းသွားလေသည်။ သို့သော် ကျွန်တော် မငြင်းနိုင်ခဲ့။ ဝန်ခံပြုံးမျိုး ပြုံးပြလိုက်သည်။ ရှည်လျားသော အဖြစ်များစွာတို့သည် ဦးနှောက်ထဲတွင် ရိပ်ရိပ်ဖြတ်သန်းသွားလာလျက် ရှိလေသည်။

"နေပါဦး ဒါထက် ဒီကိစ္စတွေဘာတွေကို အောင်တင် သိလား"

"သိသွားပဲ၊ ဘာဖြစ်လို့လဲ"

ဆိုင်နှင့် မျက်စောင်းထိုးရှိ ဓာတ်မီးတိုင်မှ မီးလုံးကို ငေးကြည့်နေသည်။ အားနည်းဖျော့တော့သော မီးလုံးကို မျက်စိမှေးပြီး တစ်ချက် ကြည့်သည်။

"မင်းကလည်း ဘာလို့ လျှောက်ပြောပြောနေရတာလဲကွ"

"မဟုတ်ဘူး မောင်ပြုံး၊ ငါပြောတာမဟုတ်ဘူး။ ညိုမာက သူ့ကို ပြောပြလို့ သူသိသွားတာ။ သူက အဲဒီအကြောင်း သူလည်း သိတယ်ဆိုတဲ့ သဘောနဲ့ ငါ့ကို လာပြောသွားလို့ ငါသိရတာကွ"

"ငါ့ကိုလည်း သူပဲ လာပြောတာ။ 'ခင်ဗျားသူငယ်ချင်း မောင်မောင်သက်က ဖြူဖြူကျော်နဲ့ ဖြစ်နေတယ်ဗျ၊ မကောင်းပါဘူးဗျာ' တဲ့။ 'သူနဲ့ညိုမာနဲ့ စေ့စပ်ထားပြီးသားဟာပဲ' တဲ့။ 'သူက ညိုမာ့ကို သစ္စာဖောက်သလို ဖြစ်နေတာပေါ့' တဲ့။ 'ပြီးတော့ ဖြူဖြူကျော့်စာတွေ အားလုံး ညိုမာ့အမေလက်ထဲမှာ' တဲ့။ ဒီကောင့်လေသံက တစ်မျိုးကွ။ ငါသဘော မတွေ့ဘူး"

သူ့လေသံသည် သိသိသာသာ ဆတ်နေသည်။ ထို့နောက် စကားပြတ်သွား သည်။ ရောက်နေသည်မှာ ကြာလှပြီဖြစ်သော ချင်းသုပ်ကို သူ အရင်စားသည်။ တစ်ဇွန်း နှစ်ဇွန်းသာ ကျွန်တော် စားဖြစ်သည်။ ဆိုင်မှ ထပြန်လာသောအခါ ဆယ်နာရီခွဲခါနီး ပေပြီ။

ကောင်းကင်တွင် ကြယ်တွေပွင့်နေ၏။ လ မထွက်သေး။ ဆုတ်ရက်ညပေတကား။

❑

mgyoe.com

mgyoe.com

[ ၂ ]

"ဖြူ နေကောင်းတယ်နော်"

လှည့်၍ မကြည့်သော်လည်း ခြေလှမ်းကို နှေးလိုက်သည်။ ပုံမှန် အလှမ်းထက် လျှော့ထားသည်ဟု သိသည်။ အိမ်သို့ မြန်မြန်ရောက်သွားလျှင် စကားများများ မပြောဖြစ်မည်စိုးဟန်တူ၏။ ထိုအပြုအမူသည် သူပြုနေကျ အလေ့အထ။

"နေကောင်းလို့ ကျောင်းတက်တာပေါ့"

နားအဝင် ကန့်လန့်ခံနေ၏။ လေယူလေသိမ်းမှာ မကြားစဖူးသော အစိမ်းသက်သက်။ သို့သော် တမင်မာကျောထားမှန်း ရိပ်မိစေနိုင်၏။

"ငြိမ်းငြိမ်းနဲ့ ပေးလိုက်တဲ့ မောင့်စာကို ဖြူ ရတယ်မဟုတ်လား"

ဆယ့်လေးငါးလှမ်းလောက် ရောက်တော့မှ 'အင်း' ဟု တိုးတိုး ဆိုသည်။ ခါတိုင်းဆိုလျှင် စာပါအကြောင်းအရာများနှင့် ပတ်သက်၍ ပြောသည်။ မေးစရာရှိ မေးသည်။ ကြည်နူးစရာ အရွန်းအပြက် တစ်ခွန်းတလေတော့ အနည်းဆုံးပြောစမြဲ။ မည်သည့်အခါကမျှ ယခုကဲ့သို့ နှုတ်ဆိတ်ခြင်းကြီးစွာဖြင့် မရှိတတ်။ ယခုသော် ဖြူသည် လေးလံ ထိုင်းမှိုင်းလွန်းနေသည်။ မျက်နှာထားမကြည်လင်။ ဖြူဝင်းသော ပါးနှစ်ဖက် ပေါ်တွင် အပြုံးစ တစ်စတလေပင်မရှိ။ နီထွေးပြည့်တင်းသော နှုတ်ခမ်းသည် စေ့လျက် သားရှိလေသည်။ ခေါင်းကို ငုံ့ငုံ့ထားကာ ခြေ ဖြည်းဖြည်းလှမ်းသည်။ မြို့ပတ် လမ်းမကြီးပေါ်သို့ အရောက်တွင် ကျွန်တော်မေးသည်။

"စကားပြောဖော်တောင် မရတော့ဘူးကိုး"

mgyoe.com

mgyoe.com

ပါးလွှာလွန်းသော မဲ့ပြုံးကို မတော်တဆ တွေ့လိုက်ရ၏။ တစ်ခဏသာသာ ထိုအပြုံးသည် ကျွန်တော့်ရင်ထဲတွင် ရှည်ကြာမြဲမြဲလျက် ရှိလေသည်။ သူ ကျောင်းအလာကို ကြေးနီချောင်းတံတားထိပ်မှ စောင့်စဉ်က တွေ့တော့ တွေ့သည်။ ထိုအပြုံးမျိုး ကိုမျှ မရခဲ့။ နေ့လယ်ကျောင်းလွှတ်ချိန်က သူ မုန့်စားမသွား။ အတန်းထဲတွင် သူနှင့် ငြိမ်းငြိမ်း နှစ်ယောက်တည်း။ ငြိမ်းငြိမ်းရှိ၍လားမသိ။ မျက်နှာထား ပို၍ တည်နေသည်။

"ဖြူ"

ကျွန်တော့်ဘက်သို့ မျက်နှာမလှည့်။ ငုံ့ထားသော ခေါင်းကို မဆိုစလောက် လှည့်သည်။ မျက်လွှာတစ်ချက်လှည့်၍ ကြည့်ရင်း 'ဟင်' ဟု ထူးသည်။ နှုတ်ခမ်းမှု မဖွင့်။

"မောင့်ကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

ခေါင်းကို ဖြည်းညှင်းစွာ ခါပြသည်။ သက်ပြင်းရှည်တစ်ချက်ချသည်ကို မြင်ရ၏။ တမာပင်တန်းအောက်သို့ အရောက်တွင် ဖြေသည်။

"မကျေနပ်စရာရှိမှ မရှိတာ"

"ရှိပါတယ် ဖြူရယ်၊ ပြောပါ"

ခေါင်းကို ရုတ်တရက် မော့လိုက်၏။ မျက်နှာကို ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။ စူးစူးခါးခါးနိုင်သော ထိုအကြည့်မျိုးကို ကျွန်တော် မတွေ့ဖူးခဲ့။ တုံ့သွားသော သူ့ခြေလှမ်းကြောင့် ခြေစုံ ရပ်လုရပ်ခင် ဆိုင်းသွားရသည်။ ဖြူ့နှုတ်ခမ်းသည် တွန့်ကျသွားသည်။ ထို့နောက် ဖြူ ပြုံးပြသည်။ ကြေကွဲစရာကောင်းသော အပြုံးဟု ကျွန်တော် သိနေသည်။ ရှေ့တည့်တည့်သို့ မျက်နှာမူရင်း ပြောလေသည်။

"ကိုသက်နဲ့ဖြူနဲ့က ဘာမျှမှ မဆိုင်တော့တာ။ ဖြူ ဘာပြောစရာ လိုတော့တာ မှတ်လို့"

ရင်ထဲတွင် လှုပ်ခါသွားချေသည်။

"ဘာပြောတယ် ဖြူ၊ ဘာမှမဆိုင်တော့ဘူး ဟုတ်လား"

"ဟုတ်တယ် ကိုသက်၊ ကိုသက်ကိုယ်တိုင်လည်း သိပြီးသားဟာပဲ။ ကိုသက်ကို ပိုင်ဆိုင်တဲ့သူက ညိုမြပဲ။ ဖြူမှ မဟုတ်တာ"

ပြန်ဖြေစရာစကားမရှိအောင် ဖြူ ပြောလေသည်။ သို့သော် ပြောသူ့အသံမှာ မောလိုက်လျက်ရှိသည်ဟု ကျွန်တော် အကဲခတ်မိ၏။ စည်းခြားသောစကားကို အတည် ငြိမ်နိုင်ဆုံး ကြိုးစားပြီး ပြောရပုံရှိသည်။ လှုပ်ရှားစိတ်ကြောင့် ညည်းတွားစကား ဆိုမိသည်။

"ရက်စက်လိုက်တာ ဖြူရာ"

mgyoe.com

mgyoe.com
"သြော် ဖြူက ရက်စက်တယ်"

လျှောကျနေသော လွယ်အိတ်ကို ပခုံးပေါ်သို့ ဆွဲတင်ရင်း စကား အဆုံးသတ်သည်။ စကားအဆုံးတွင် ရယ်သံသဲ့သဲ့ ကြားရသည်။ ဖြူ့စကားသည် ပီပီသသ ခနဲ့လိုက်သောစကားဟု ကျွန်တော်သိ၏။ ဖြူ့ စကားတိုင်းတွင် ကျွန်တော် နှုတ်အ, သွားစေနိုင်သည့်အစွမ်းတွေ ပါဝင်နေသည် ထင်ရ၏။ စေးစေးပိုင်ပိုင်မရှိသော စကားတွေ ကြားနေရသည်သို့ ရှိ၏။ ထို့ပြင် ကျွန်တော့်လေသံမှာ သေွ့ခြောက်နေသည်။ အဆီအငေါ် မတည့်။ စကားကို အဖြစ်မျှ ပြောနေပုံနှင့် တူနေသည်။

"ခေါ်တာကလည်း ကိုသက်တဲ့။ သူစိမ်းကိုခေါ်တာမျိုးကြီး"

"သူစိမ်းပေါ့ ကိုသက်ရယ်၊ သူစိမ်းဖြစ်ကြောင်း ကြေညာချက်ကို ကိုသက်ပဲ ဆည်တော်ကန်မှာ ထုတ်ပြန်ခဲ့ပြီပဲ"

"မဟုတ်ဘူး ဖြူ၊ ဖြူ အထင်မှားနေတယ်"

"ညိုမာနဲ့ ကိုသက်ရဲ့ အခြေအနေကို ကိုသက်ကိုယ်တိုင် ပြောပြခဲ့တာ ဖြူ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာပဲ၊ ဖြူ နောက်ဆုတ်ပေးခဲ့ပါပြီ ကိုသက်ရယ်"

ချွန်မြည့်သော အသွားတို့ တပ်ထားရာ စကားဃတကား။ ထိုအခါမှပင် ပြောမည် ကြံရွယ်ထားသမျှတို့က ထွက်လာလေသည်။

"နောက်ဆုတ်ပေးစရာ မလိုဘူး ဖြူ၊ ရှိခဲ့တဲ့ အခြေအနေကိုသာ မောင် ဖွင့်ပြောပြတာ။ ဖြူ စိတ်ထားပြောင်းတော့ မောင် စိတ်ထိခိုက်ရတယ်"

ဖိနပ်ဦးပြာပြာကို ငုံ့ကြည့်ရင်း ခြေလှမ်းမှန်မှန် လျှောက်နေသည်။ သူ့ ညာဘက်ပခုံးနှင့် ကျွန်တော့်ဘယ်ပခုံးတို့ အမှတ်မဲ့ထိသွားသည်။ ဖြူသည် တစ်တောင် တစ်ဆန့်သာသာ ခွာလိုက်သည်။

"ဖြူက စိတ်ထားပြောင်းတာ မဟုတ်ပါဘူး။ ပြောင်းအောင်လုပ်လို့ ပြောင်းလိုက်ရတာပါ။ မလွှဲမရှောင်သာ ပြောင်းလိုက်ရတာပါ ကိုသက်၊ ညိုမာက ကိုသက်ရဲ့ တရားဝင် အိမ်ထောင်ဖက်လောင်း၊ ဇနီးလောင်း မဟုတ်လား။ ပြီးတော့"

"ဖြူ အဲဒီစကားကို ဆက်မပြောပါနဲ့တော့။ မောင် ချစ်တာ ဖြူ့ တစ်ယောက်တည်းကိုပဲ"

"ကိုသက် ဝမ်းထဲကို ဝင်ကြည့်လို့ရတာ မဟုတ်လို့ ဒီစကားကို ဖြူ ဘာထင်မြင်ချက်မှ မပေးချင်ပါဘူး။ တစ်ခုတော့ ပြောချင်တယ်။ ဒီမယ် ကိုသက်"

ပြတ်သားသော ဆုံးဖြတ်ချက်၏ အငွေ့အသက်တွေ ရိုက်ခတ်လျက်ရှိရာ ခေါ်သံဟု ရိုပ်မိသည်။ သူ့ကို ကြည့်သော မျက်လုံးတို့တွင် ခွန်အား ဆွံ့ပါးနေမည် ထင်သည်။
mgyoe.com

mgyoe.com
ဖြူ့မျက်နှာထားသည် ချိုပါဘိ။ အကြည့်သည် ဖြူပါဘိ။ ချိုသော် ဖြူသော်ငြားလည်း ချိုသည် ဖြူသည်ဟု ချမ်းမြေ့စွာ မထင်ရဲ။ မလုံသောအိုးအဖို့ရာ ရွှေချောင်း ငွေချောင်းတို့ကိုပင်လျှင် ထိုးမည့်တုတ်ချောင်း ထင်တတ်စမြဲ။

အချစ်ကို ခွဲဝေယူရတဲ့လူလောက် ဆင်းရဲဒုက္ခ ကြီးရတဲ့ လူဆိုတာ မရှိပါဘူး။ ဒီဒုက္ခကို ဖြူဆက်ပြီး မခံပါရစေနဲ့တော့ရှင်"

ရင်ထဲမှာ ကျင်လာသည်။ တိမ်ရှုံဝင်သွားသော ဖြူ့အသံသည် ကျွန်တော့် လည်ဝတွင် လာရှုံပိတ်ဆို့နေသလား ထင်ရ၏။ နှုတ်ခမ်းကို ချုပ်မည့် ဒုတိယစကားကို ဖြူပြောလေသည်။

"ကိုသက် ပြန်တော့ကွယ်"

"မနှင်ပါနဲ့ ဖြူရယ်။ ဖြူ နားလည်အောင် ရှင်းပြချင်သေးတယ်"

"ဆည်တော်ကန်မှာကတည်းက ဖြူ နားလည်ခဲ့ပြီလေ"

"မလုံလောက်သေးပါဘူး"

"ဒါထက် လုံလောက်တာ ဘာရှိဦးမှာမှတ်လို့လဲ ကိုသက်"

"ရှိတယ် ဖြူ၊ ဖြူ့အပေါ်ထားတဲ့ မောင့်သဘောထားက ဘာမှမပြောင်းလဲဘူး။ ညိုမာနဲ့ပတ်သက်တာကို အမှန်အတိုင်းဖွင့်ပြောပြခဲ့တာကလွဲရင် အရင်အတိုင်းပဲ။ ပြီးတော့ ညိုမာနဲ့က သိပ်မကြာခင်မှာ စခန်းပြတ် လမ်းပြတ် ဖြစ်တော့မှာပါ"

ရယ်သံသဲ့သဲ့ ကြားရ၏။ ဖြူ မျက်နှာမော့ထား၏။ ရှုပ်ထွေးလေးလံသော တွေးစရာများကို ဖယ်ရှားနေပုံရှိ၏။ ပင့်သက်ကို မှုတ်ထုတ်ပြီး ပြောသည်။

" 'သိပ်မကြာခင်' ဟုတ်လား၊ 'မှာပါ' ဟုတ်လား၊ ကိုသက်ရယ်၊ ဖြူဟာ မိန်းကလေးတစ်ယောက်ဆိုတာ သတိမရတော့ဘူးလား မသေချာတဲ့ ကာလတစ်ခုကို ဘာစိတ်ကူးနဲ့များ စောင့်ခိုင်းတာပါလိမ့်"

အဖြေကို စဉ်းစားမရ။ စလိုက်သော စကားတိုင်းတွင် ကျွန်တော် မလှုပ်သာအောင် အနှောင်အတည်းတွေ ပြည့်နေသည်။ မနက်က ဖြူ့ကို မြင်ရချိန်၌ ဆူနေသော ဦးနှောက်သည် ယခုတိုင် အေးဆေးခြင်း မရှိ။ ပြောလေသမျှ စကားတိုင်းတွင် အမှားတွေချည်း ပါဝင်နေသလားဟု ပြန်လည်တွေးကြည့်သည်။ မတွေ့။

"ညိုမာနဲ့ ပတ်သက်တာကို ဖြူ ထည့်မစဉ်းစားနဲ့တော့။ ဖြူ လက်ထပ်ချင်တဲ့ အချိန်မှာ လက်ထပ်မယ်။ ဒါပဲ။ ဖြူ စိတ်အေးပါ။ မောင့်ကို စိတ်ချ"

"လွယ်လိုက်တာ"

"ဘာမလွယ်စရာရှိသလဲ ဖြူရယ်"
mgyoe.com

mgyoe.com

"မောင့်ဘက်နဲ့ ညိုမြဘက်က လူကြီးချင်း"

ဖြူ စကားကို ဖြတ်လိုက်သည်။ မောင်ဟု ယောင်ပြီးခေါ်မိသည်ကြောင့် ဖြစ်မည်။ ရှက်ရွှံ့ရွှံ့မျက်နှာကို တစေ့တစောင်း တွေ့လေ၏။ ကြောင့်ကြစိတ်တို့သည် သိသာစွာ ပါးသွားလေသည်။

"ဝမ်းသာလိုက်တာ မောင်တဲ့လား"

ရှက်ပြုံးနှင့်ပင် ရီလေသည်။

"မောင်လို့ခေါ်ရင်း ဆက်ပြောလေ"

"လူကြီးတွေချင်းပါ ပြောပြီးဆိုပြီး ကိစ္စတစ်ခုကို ကိုသက်က ပါးစပ်နဲ့ အခုလို ဖျက်ပြလိုက်တော့လည်း အလွယ်သားပဲ"

"အခြေအနေအားလုံး ဖြူ့ကို ပြောပြီးသားပဲ မဟုတ်ဘူးလား။ ညိုမြ့ အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုပြီး တင်းလာတယ်လေ။ ခုဆို မျက်နှာချင်း ဆိုင်မိရင် တောင်မှ သူက ပြုံးဖော်နှုတ်ဆက်ဖော် မရတော့တာ။ မကြာခင် ပေါက်ကွဲတော့မယ့် အရိပ်အခြည်တွေပေါ့။ စေ့စပ်ထားတာ ဖျက်ပေးပါလို့ မောင်က စပြောရင် မောင် အလွန် ဖြစ်မှာစိုးလို့"

"တကယ်လို့ ညိုမြာက ကိုသက်ကို ပြုံးလာမယ်၊ နှုတ်ဆက်လာမယ်၊ အရင်ကလို ကြင်ကြင်နာနာ ဂရုတစိုက် ပြန်လုပ်လာမယ် ဆိုရင်ကော"

"ဖြူ့ကိုပဲ မောင်ချစ်တယ်၊ ဖြူ့ကိုပဲ မောင် လက်ထပ်မယ်။ ဘယ်မိန်းကလေးကိုမျှ မောင် မစဉ်းစားဘူး။ စကားကုန်ပြောလိုက်ပြီ ဖြူ"

တောင်ဘက်မှ တိုက်ခတ်လာသော လေဝေ့ကြောင့် ဆံပင်တွေ ရင်ညွှန့်ပေါ်သို့ ကျလေသည်။ မျက်နှာပေါ်မှ ဆံစတွေသိမ်းရင်း

"ညိုမြာနဲ့ မပြေလည်တာကို ကိုသက် မိဘကို ဘာလို့ အသိမပေးခဲ့တာလဲ"

"စိတ်ရှုပ်စရာမို့လို့ ပြောမပြချင်ဘူး ဖြူ"

"ညိုမြ့အမေ ဒေါ်မြရင်က ပြေလည်အောင် လုပ်ပေးဖို့တော့ သင့်ပါတယ်။ ဘာအကြောင်းကြောင့် ညိုမြာ စိတ်ပြောင်းရတယ်ဆိုတာ မအေတစ်ယောက်အနေနဲ့ သိရမှာပေါ့ မဟုတ်ဘူးလား။ သချ်ာသင်တဲ့ ဆရာမတစ်ယောက်ပဲ။ တွက်တတ်ရမှာပေါ့။ လူကြီးချင်းစီစဉ်တာ သက်သက်ဆိုလည်းထားဦး။ ခုဟာက ကိုသက်တို့ချင်း ကြိုက်လည်း ကြိုက်၊ လူကြီးချင်းသဘောတူလို့ စေ့စပ်ပေးထားပြီးသား။ ကိုယ့်သမီးကိုယ် နိုင်ရမှာပေါ့။ အကြောင်းရင်းကို ကိုသက်က မသိနိုင်တာ ထားဦးလေ။ မအေကတော့ သိရမှာ ပေါ့လေ"

ဆက်၍မပြောစေချင်။ မျက်နှာအထားရခက်စေသော ထိုစကားများကို ကျွန်တော်

mgyoe.com

mgyoe.com
မကြားချင်။ မပြောချင်။ ဖြူ့အလျင်က ကျွန်တော့်တွင် တစ်ဦးတစ်ယောက် ရှိခဲ့သည် ဆိုသော အသိကို ကျွန်တော်မသိချင်။ ထိုအသိသည် ဖြူ့သည်းပွတ်တွင် ဖျက်မရနိုင်အောင် ထင်နေမည် စိုးသည်။ ဖြူနှင့်ကျွန်တော်လျှောက်ရမည့် ရှေ့ခရီး တွင် ထိုနောက်ကြောင်းက အရံအတားဖြစ်လာသော် ခက်ရချိမ့်မည်။ အပြစ်ဟူပါက မြူမျှ မရှိသော ဘဝဖြင့် ခရီးစလို သည်။ သို့တစေ ဖြစ်ခဲ့ပြီးသော အဖြစ်ဟောင်းကို မဖုံးကွယ်လို။ ဘဝတောက်လျှောက် အထိကား အမှတ်သညာအဖြစ်အနေဖြင့်ပင် ပါမလာစေချင်။ ထိုအဖြစ်ဟောင်းကိုမိုးကာ ဖြူ မေတ္တာလျော့မည်လည်း ကြောင့်ကြ သည်။ အထင်ပါးလျှားမည်လည်း ပူပင်သည်။ ထို့ကြောင့် စကားလွှဲလိုက်သည်။

"မောင့်ကို ချစ်သူတစ်ယောက်လို သဘောထားသေးရဲ့လား ဖြူ ဟင်"

ကြေးနီချောင်းတံတားပေါ်သို့ အရောက်တွင် ဖြူ ရပ်လိုက်၏။ တံတား ပေါင်တွင် ကျောမှီကာ ချောင်းဖျားဘက်ဆီသို့ လှမ်းကြည့်သည်။

"လမ်းတစ်ဝက်ကျိုးပြီ။ ဆက်မလိုက်နဲ့တော့နော်၊ မာမီ ဈေးဝယ်လာလို့ မတော် တဆတွေ့သွားရင် မကောင်းဘူး"

သူနှင့် မျက်နှာချင်းဆိုင် ရပ်ရင်း ပြောလိုက်သည်။

"ဟိုအရင်တုန်းက ဒီစကားမျိုး မပြောဖူးပါဘူး။ မောင် ခုန မေးတာကို ဖြူ မဖြေရင် အိမ်အထိလိုက်မှာပဲ"

ချောင်းတစ်လျှောက်သို့ ငေးကြည့်နေသော မျက်လုံးကို သိမ်းသည်။ ထို့နောက် ကျွန်တော့်ကို ကြည့်လေသည်။

"ဖြူ ဒုက္ခရောက်မှ ကိုသက် စိတ်ချမ်းသာနိုင်မယ်ဆိုရင်တော့ သဘောပေါ့"

"ဒီသဘောနဲ့ အိမ်ကိုလိုက်လာမှာတော့ မဟုတ်ဘူး။ ဗိုလ်သန့်ဇင်နဲ့ သဘောတူ တာကို ကျွန်တော် ကန့်ကွက်တယ်လို့ ပြောမလို့"

ချိုလွင်သောရယ်သံကို ပြန်လည်ကြားရလေပြီ။ ရယ်သံအပြေတွင် ထပ်ပြီး မေးလိုက်သည်။

"ဖြူ ဖြေလေ၊ အဲသလို လိုက်ပြောရမလားဆိုတာ"

ကြည်စင်ရွှင်ပျသော မျက်နှာကို ပြန်လည်တွေ့ရလေပြီ။ နှစ်ခြိုက်စွာ ပြုံးသော နှုတ်ခမ်းသို့ ကျွန်တော့်မျက်လုံး ရောက်နေ၏။

"ဖြူ မောင့်ကို ချစ်ပါသေးတယ်နော်"

"ဘယ်နှယောက်ကို အဲသလို မေးလာခဲ့ပြီးပြီလဲဟင်"

ရယ်ရင်းနှင့် ခေါင်းကို ခါပြလိုက်သည်။ ဖြူသည် သူ့မေးခွန်းကို သူ့ဘာသာသူ

mgyoe.com

mgyoe.com
သဘောကျသဖြင့် တခစ်ခစ်ရယ်နေတယ်။ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးသွယ် ပြယ်စပြုသော သဘောဟု မှတ်ယူမိသည်။

ကြေးနီချောင်း၏ လုံးဝမခန်းသေးသော နွေရေစီးသံကို ကြားရလေ၏။

❑

mgyoe.com

mgyoe.com

[ ၄ ]

ခြံထဲသို့ ဝင်လိုက်ကတည်းက ထိုင်းမှိုင်းသွားသည်။ စုလစ်မွမ်းချွန်းတို့ဖြင့် ရှေးဆန်လွန်းသော အဆင်အပြင်ကြောင့်လည်း ဟုတ်မည်မထင်။ အထပ်ထပ် သုတ်ထားသော ရေနံချေးရောင် ညစ်မည်းမည်းကြောင့်လည်း ဟုတ်မည်မထင်။ အုပ်ဆိုင်း ထူထပ်သော သစ်ပင်ဝါးပင်ကြီးများဖြင့် အလင်းရောင် နည်းပါးလွန်း၍လည်း ဟုတ်မည် မထင်။ ယခင်အခါက သိမှတ်ခံစားခြင်း မရှိသောကြောင့် အမှုမဲ့နေခဲ့ရာမှ ယခုတွင် အရာရာကို စေ့စေ့စပ်စပ် ဖြစ်နေမိသလားဟုကား ထင်သည်။

ပေါ့ပါးသော ခြေလှမ်းတို့ဖြင့် သည်အိမ်သို့ လာခဲ့သည်။ အစဉ်သဖြင့် ရွှင်ပျသော နှလုံးအိမ်သည် အလာလမ်းတွင်လည်းကောင်း၊ အပြန်လမ်းတွင် လည်းကောင်း တကွအတူပါလာစမြဲ။ သို့သော် ယင်းတို့ကား ရှေးအခါကတည့်။ ယခုသော် ထိုသို့မဟုတ်ချေပြီ။ လွန်ခဲ့သော တစ်နှစ်လောက်က စ၍ အမျိုးအမည် မဖော်ပြနိုင်သေးသည့် ပြဿနာစခဲ့လေပြီ။

သည်အရပ် သည်အိမ်တွင် ညိုမြမာရှိသည်ဟူသောအသိဖြင့် ဖျတ်လတ်စွာ လှမ်းခဲ့ဖူးရာခြေတို့သည် တုံ့နှေးလျက်ရှိချေပြီ။ အချစ်ဟူသောအရာက ရင်၌ ဖြစ်တည်ချိန်နှင့် ညိုမြမာကို ချစ်သူအဖြစ် တွေ့မြင်ချိန်တို့သည် တစ်ချိန်တည်းဟု မှတ်မိ၏။ အဖြူထည်၌ စွန်းသောအစွန်း။ တစ်ခုတည်းသော အစွန်း။ ပထမဦးဆုံးဖြစ်သော အစွန်း။ ချမ်းမြေ့ဖွယ်သော အငြိအစွန်း။

ဖွင့်ဟခဲ့ပြီး ရက်များမကြာမီ ညိုမြမာအဖြေကို ရခဲ့သည်။ သုံးလမပြည့်မီ လူကြီး

mgyoe.com

တွေကို အသိပေးခဲ့သည်။ နှစ်ဖက်လူကြီး စကားပြောကြသည်။ နှစ်ဖက်ဟု ဆိုရသော်လည်း ကျွန်တော့်ဘက်မှာသာ အမိအဖ စုံသည်။ ညိုမှာ့ဘက်မှာ ညိုမှာ့အမေ တစ်ယောက်တည်း။ ညိုမှာ့ဖခင်သည် လွန်ခဲ့သည့် ဆယ်နှစ်လောက်က တောတွင်း တစ်နေရာတွင် ကျဆုံးသွားပေပြီ။ ကျွန်တော့်ဖခင်နှင့် အချစ်ဆုံးအခင်ဆုံးသူငယ်ချင်း။ တောထဲတွင် အယုံကြည်ဆုံးသူငယ်ချင်းရဲဘော်။ ညိုမှာ့ဖခင် ကျဆုံးပြီး သုံးလေးလလောက်တွင် အဖေ အဖမ်းခံရသည်။ သုံးနှစ်နီးပါးကြာမှ အဖေ့ကို ပြန်လွှတ်လိုက် သည်။ ငယ်စဉ်ကပင် အကျွမ်းတဝင်ရှိခဲ့သော အိမ်နှစ်အိမ်မှာ အဖေလွတ်လာပြီး နောက် ပို၍ ရင်းနှီးလာသည်။ အဖေသည် ညိုမှာ့ကို ချွေးမဟု ကျီစယ်ပြီးခေါ်လေ့ရှိသည်။ ကျွန်တော့် အဖို့မူ အမှတ်မဲ့ပင်။ တက္ကသိုလ်ဝင်တန်းသို့ ရောက်သည့်နှစ်ကျမှ ညိုမှာ့ကို သံယောဇဉ် တွယ်သည်။ နှစ်ဖက်သဘောအရ စေ့စပ်ထားမည်ဟု ပြောသံ ကြားရသောအခါ ပို၍ ပျော်ကြသည်။ ဘွဲ့ရတော့မှ လက်ထပ်ဟု ပြောကာ စေ့စပ်ပွဲကို အကျဉ်းကျင်းပသည်။

ထိုကာလမှ ကြည်နူးစရာအလုံးစုံတို့သည် ညိုမှာ ဖျက်ဆီးပစ်သည်အထိ တည်တံ့လျက်ရှိခဲ့သည်။ အေးချမ်းသော အခြေအနေတစ်ခုကို ညိုမှာသည် မည်သည့်သဘောဖြင့် ဖြိုချပစ်လိုက်ကြောင်း ကျွန်တော် နားမလည်။ ချစ်ခင်ကြင်နာပါသည်ဟု တွေ့တိုင်းပြောတတ်သော ညိုမှာ့ အပြောင်းအလဲကို စဉ်းစားမရနိုင်ခဲ့။ ကိုကို့မိဘကို ဖွင့်ပြောပြလိုက်ပါလား။ စေ့စပ်ထားကြရအောင်။ ဒါမှလည်း ညိုမှာ စိတ်အေးရမှာ။ အားကစားရော ကျောင်းစာမှာရော သိပ်တော်တဲ့ကိုကို့ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတော့ ညိုမှာ စိုးရိမ်တယ်။ ညိုမှာ့ကို တကယ် လက်ထပ်ဖို့ ရည်မှန်းထားတယ်ဆိုရင် စေ့စပ်ထား။ အပျော်ဆိုရင် မစေ့စပ်နဲ့။ ခုတည်းက တစ်ခါတည်းဖြတ်ဟု ညိုမှာရေးခဲ့ပြောခဲ့သည်။ ထိုညိုမှာသည်ပင် အကြောင်းပြကင်းမဲ့စွာဖြင့် အနေစိမ်းသောအမှုကို စတင်ပြုခဲ့သည်။

အကြောင်းမတွေ့။ အဖြေမမြင်ခဲ့။

ဒေါ်မြရင်၏ အကြောင်းပြချက်ကို လက်ခံနိုင်ခြင်းမရှိသော်လည်း မငြင်းသာခဲ့ချေ။ ထိုအချိန်က ကျွန်တော်သည် ဘာဆိုဘာမျှ သဲသဲကွဲကွဲမမြင်။ စကားစမြည် ဟက်ဟက်ပက်ပက်မဆိုတော့သော ညိုမှာ့နှုတ်တွင် စကားတွေ ပြန်လည်ဝေဆာလာ စေချင်သည်။ ယခင်ကနှယ် အတူသွား အတူလာ ကြည်ကြည်သာသာဘဝကို ပြန်လည်ရလိုသည်။ ပျက်ပြားသွားသောအခြေအနေတစ်ခုကို ပကတိအတိုင်း တစ်ဖန် ဖြစ်စေ ချင်သည်။ ကြာသော် လိုအင်ဆန္ဒတွေသာ ကျွန်တော့်တွင် ဖုံးလာသည်။ တစ်ရွေးသားမျှ မပြည့်ဝခဲ့။ ညိုမှာသည် မျက်နှာချင်းပင် သိပ်မဆိုင်တော့။ မလွှဲသာ၍ ဆိုင်ရလျှင်လည်း လှိုက်လှဲခြင်း

mgyoe.com

ကင်းသော အကြည့်မျိုး၊ အပြောမျိုးနှင့် ရှိတတ် သည်ချည်း။

သည်ပြဿနာကြားတွင် ဖြူသည် ကျွန်တော်နှင့် ပတ်သက်သော မိန်းကလေး တစ်ယောက်ဖြစ်လာသည်။ ပတ်သက်သည်အစဥ်ပင် ညိုမှာ့ဆက်ဆံရေးက ပိုမို တင်းမာ လာလေသည်။ သည်နေ့တွင် တစ်နေ့ထက် တစ်နေ့ ဆိုးရွားလာသော အဖြစ်မျိုးနှင့် တိုးလေမလားဟု တွေးပြီးသားပင်။ အမှန်အတိုင်းဆိုရလျှင် သည်အိမ်သို့ မလာချင်၊ လာချင်။ ချစ်မြတ်နိုးလျက် ရှိသေးသော သံယောဇဥ်သည် လာချင်စိတ်ကို မပြတ်တောက် စေခဲ့။ စိတ်နှလုံးသာယာမှု ကင်းမဲ့စေခဲ့သောအဖြစ်အပျက်များက မလာချင်စိတ်ကို ဖြစ်စေခဲ့ ချေ၏။ အကယ်၍ အမေ့ကို ထိုသဘောသကန်တွေ ပြောပြထားပြီး သားသာဖြစ်လျှင် သည်အိမ်သို့ လွှတ်မည်မထင်။

လွှတ်လိုက်သည့်ကိစ္စမှာ စကားတစ်စုံတစ်ရာပါးလိုက်သော ကိစ္စမျိုးဖြစ်ပါက စိတ်ကျဉ်းကျပ်ဖွယ်မရှိ။ ရန်ကုန်ပြန်လက်ဆောင်အဖြစ် အကျီစ နှစ်စကို ယူသွားခိုင်းခြင်း ဖြစ်သောကြောင့် စိတ်အထားရ မလွယ်ကူ။ တံစိုးလက်ဆောင်နှင့် တူနေသည်ဟု ထင်မှတ် ၏။

အိမ်အပေါ်ဆင့်သို့ လှမ်းတက်ပြီး ဖိနပ်ချွတ်ရင်း ဧည့်ခန်းထဲသို့ ကြည့်လိုက် သည်။ ညိုမှာ့ကို မတွေ့ရ။ ဒေါ်မြရင်သည် ခေါင်းရင်းဘက် ပက်လက်ကုထားထိုင်တွင် ထိုင်ကာ မဂ္ဂဇင်းဖတ်နေသည်။ ကျွန်တော့် ခြေသံကြောင့် လှမ်းပြီး ကြည့်လေသည်။ ရွှေကိုင်းမျက်မှန်သည် လင်းလက်သွား၏။ သူ ထိုင်နေရာသို့ ခပ်ဖြည်းဖြည်း လျှောက် သွားလိုက်သည်။

မျက်တွင်းမကျ။ နားထင်မချိုင့်သော်လည်း ပိန်လွန်းသော မျက်နှာကို ပီပီ မြင်လာ ရ၏။ သေးသွယ်ရှည်လျားသော မျက်ခုံးနှစ်ဖက်သည် မသိမသာ တွန့်လျက်ရှိ၏။ ချွန်သယောင်ယောင်နှင့် ခပ်စင်းစင်းရှိသော နှာတံပေါ်သို့ မျက်မှန်ကို လျှောချ ထားသည်။ ပြာ၍ ပါးလျားသော နှုတ်ခမ်းသည် နဂိုနေမရှိ။ စုတုတု။

"ဟော သားတစ်ယောက်တည်းလား"

မှိုင်သောမျက်ခွံပေါ်ရှိ အရေးအကြောင်းတွေက သုံးလေးရစ် ထင်နေ၏။ အကြည့် နှင့်အသံတို့သည် ခြောက်သွေ့စွာဖြင့် ကျွန်တော့်ထံသို့ ရောက်လာ၏။ သူ့အနီးသို့ အရောက်တွင် ကြိမ်ကုလားထိုင်ဆီသို့ မေးငေ့ါပြ၏။ ထိုင်ပြီးတော့မှ ကျွန်တော် ဝတ်ပျက် လျက်ရှိသည့်အချက်ကို သတိရသည်။ ထို့ကြောင့် ပြုံးပြလိုက်သော အလုပ်တစ်ခုကို လုပ်ရလေ၏။ တစ်ဆက်တည်းနှင့် သူ့အမေးကို ဖြေသည်။ 'ဟုတ်ကဲ့' အဆုံးတွင် စက္ကူ အိတ်ကို သူ့ထံကမ်းလိုက်ရင်း

mgyoe.com

"အမေ ပေးခိုင်းလိုက်တာပါ မာမိ"

သူခေါ်ခိုင်းခဲ့သည့်အတိုင်း မာမိဟုသာ ခေါ်မြဲခေါ်ရသည်။ စိတ်ထဲတွင် အပိုသက်သက်ဖြစ်နေသည်ဟု အောက်မေ့၏။ ကျွန်တော့်ကို တစ်ချက်ပြုံးပြကာ မဂ္ဂဇင်းစာအုပ်ကို ပေါင်ပေါ်သို့ချသည်။ ထို့နောက် စက္ကူအိတ်ကို လှမ်းယူသည်။ ဖွင့်အကြည့်တွင် ကျွန်တော် ပြောလိုက်၏။

"မာမိနဲ့ညီမှာ့အတွက် တစ်ဝတ်စာစီတဲ့။ ရန်ကုန်အပြန် လက်ဆောင်အဖြစ် ကျွန်တော့်ကို ပေးခိုင်းလိုက်တာ"

ခေါင်းကို ဆတ်ခနဲ ညိတ်သည်။ လက်ဝဲဘက်ရှိ ဘဲဥပုံစားပွဲပေါ်သို့ ခပ်ဖော့ဖော့ ပစ်တင်ကာ မော့ကြည့်သည်။

"မာဒိက ကျေးဇူးတင်ပါတယ်လို့ ပြောတယ်လို့ မအုံးမေကို ပြောပြလိုက်ပါကွယ်။ သူ ဘယ်နေ့က ပြန်ရောက်လဲ"

"ညကပဲ မာမိ၊ အဖေလည်း တစ်ပါတည်း ပြန်လိုက်လာတယ်။ နက်ဖြန်သန်ဘက်လောက်တော့ ဒီကိုလာကြပါလိမ့်မယ်။ ဒီနေ့တော့ ကိစ္စရှိလို့ ကျွန်တော့်ကိုပဲ လွှတ်လိုက်တာပါ"

မျက်မှောင်ချီယောင်ယောင်နှင့် ရှိနေသည်ဟု အကဲခတ်မိသည်။ တစ်ခုခု တွေးပြီး ပြောမည်ကြံလျှင် ထိုမျက်နှာရိပ်မျိုးကို ကျွန်တော် မြင်တွေ့နေကျ။ ဆံဖြူ တစ်ဝက်မကနှောနေသောခေါင်းကို လက်ဝါးဖြင့် ဖွဖွသပ်ကာ မေးလေ၏။

"ကိုထွန်းသော့်ကိစ္စက ပြီးသွားပြီလား"

"ပြီးသွားပါပြီ။ ပေးထားတဲ့အိမ်တို့ ကားတို့ ပြန်အပ်တာရော၊ ဌာနက ကိစ္စတွေလွှဲပြောင်းတာ အပြီးအပြတ်လုပ်ပြီး ပြန်လာတာပဲ။ အိမ်ကိုတော့ နေမယ်ဆိုရင် တစ်လဆက်ပြီး နေနိုင်တယ်လို့ ပြောတယ်မာမိ။ အလုပ်နဲ့ဆိုင်မှ မဆိုင်တော့တာ၊ နေစရာ မလိုဘူးဆိုပြီး အဖေက ချက်ချင်း ပြန်အပ်ခဲ့တာပဲတဲ့။ ကောင်းပါတယ်လေ မဟုတ်ဘူးလား"

တွေ၍ နားထောင်နေသည်။ သူ့ထင်မြင်ချက် စကားမကြားရ။ ဇဝေဇဝါ မျက်လုံးဖြင့် ကြည့်နေသည်။

"ဒါထက် သဲသဲကွဲကွဲမသိလို့ မေးရဦးမယ်။ ကိုထွန်းသော်က အဲဒီကနေ တခြားကုန်သွယ်ရေးတို့၊ အစိုးရဌာနတို့ ပြောင်းဖို့ ခဏနုတ်တာလား၊ တစ်ခါတည်း အငြိမ်းစားပေးတာလား။ ထွက်ခိုင်းတာလား။ ထုတ်ပစ်တာလား"

ကျွန်တော် သိသရွေ့ ပြန်ဖြေလိုက်ရသည်။

"ဆက်ပြီး လုပ်စရာမလိုတော့လို့ မလိုတော့ဘူးလို့ စာကျလာတာ ဖြစ်မှာပေါ့"

mgpoe.com

ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။ ရှင်းရှင်းလင်းလင်း သိရပြီဟူသော သဘောဖြင့် မျက်မှောင်အချို ပြေသွားသည်။ မတ်ထားသောကိုယ်ကို ရှေ့သို့ ရွှေ့ရုံ သာသာ ကိုင်းသည်။ ထို့နောက် ပက်လက် ကုလားထိုင်ဖျဉ်တွင် ကျောမှီလိုက်၏။ ပိန်ရှည်ရှည် ခန္ဓာကိုယ်သည် မလှုပ်မယှက် ရှိနေ၏။ တစ်ခဏအကြာတွင် တိုးတိုး ပြောသည်။

"အောင်တင်နဲ့ တွေ့ပြီးပြီလား"

ကြားရသည်မှာ အထူးအဆန်းဖြစ်နေ၏။ ထို့ကြောင့် ချက်ချင်းပင် ပြန်ပြီး မေးလိုက်သည်။

"မတွေ့ဘူး မာမီ၊ ဘာဖြစ်လို့လဲ"

ပေါင်ပေါ်ရှိ မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်၏။ ထိုအချိန်တွင် မျက်နှာသည် သိသိသာသာ တင်းလာ၏။ ဖြူဆွတ်သော အသားအရေတို့သည် အနီ နုရောင် ပေါက်သွားသည်ဟုပင် ကျွန်တော် အထင်ရောက်လေ၏။

"နေ့လယ်က အောင်တင်လာလို့ မာမီ စာတစ်စောင် ပေးလိုက်တယ်။ ဒါဖြင့် မင်း မရသေးဘူးပေါ့"

မည်သူ့စာပါလိမ့်ဟု အလျင်စဉ်းစားမိသည်။ ထို့နောက် မည်သည့်စာ၊ ညိုမြာ ရေးသောစာလား။ ဒေါ်မြရင့်စာလား။ မည်သို့သော အကြောင်းအရာတွေပါလိမ့်ဟု သိချင်လာသည်။

"ဘယ်သူ့စာလဲ မာမီ"

အံသွားဘက်သို့ လျှာဖြင့် ထိုးလိုက်သော ခပ်စေ့စေ့ နှုတ်ခမ်းကို ပြင်လိုက်ပြီးမှ

"မာမီရေးလိုက်တာပါ။ သားနဲ့မာမီ မတွေ့ကြတဲ့ လေးငါးရက်အတွင်းရေး စရာ နည်းနည်းပေါ်လာလို့"

"အမေ ရန်ကုန်သွားနေတုန်း ကုန်တင်ကားကိစ္စရော၊ တခြား ကိစ္စတွေရော ကျွန်တော်နဲ့လွှဲထားခဲ့တော့ အလုပ်နည်းနည်းများသွားတယ်လေ။ ဒါနဲ့ မာမီတို့ဆီ မရောက်ဖြစ်တာပါ။ မာမီရေးတဲ့ စာထဲမှာ ဘာတွေပါလဲဟင်"

ကုလားထိုင်လက်ရန်းပေါ်တွင် တံတောင်နှစ်ဖက်တင်ရင်း နှုတ်ခမ်းဖွင့်သည်။

"အိမ်ရောက်ရင် ဖတ်ရတော့မယ့်ဟာပဲ၊ အဲဒီတော့ သိရမှာပေါ့"

အပြောနှေးသော်လည်း လေယူလေသိမ်းက ဆတ်နေသည်ဟု ခံစားရ၏။ ပြောပုံ ပြောလက်မှာ ပြောင်းလဲလျက်ရှိပြီဖြစ်သော ညိုမြာနှင့် တူနေသည်။ အမှတ်မထင် တူနေ ခြင်းလော။ တူအောင် တမင်လုပ်၍ ပြောလိုက်ခြင်းလော။ သားအမိဖြစ်၍ တူနေကြခြင်း ပင်လော။ မသိနိုင်။ အကြောင်းအားဖြင့် ကွဲပြားသော်လည်း ပြောဟန် မခြားလှ။ ဒေါ်မြရင်

mgyoe.com

၏ နှုတ်မှထိုစကား ထိုဟန်ပန်ကို အရယ်အရွှန်းအဖြစ်နှင့်ပင် ကျွန်တော် မကြားဖူးခဲ့။ ပထမဆုံးအကြိမ် ကြားရ၍လားမပြောတတ်။ ကျွန်တော့် မျက်နှာပျက်ချင်ချင်။ သို့တစေ နဂိုအတိုင်း ကြည်ကြည်လင်လင် ဟန်ဆောင်နေနိုင် ခဲ့၏။ စိတ်နှလုံး ချမ်းမြေ့စဥ်က ကဲ့သို့သော အပြောအဆို အမူအရာအတိုင်း ကျွန်တော် ကြိုးစားလိုက်သည်။

"ဟာ မာမိကလည်း ခုသိချင်လို့ မေးတဲ့ဥစ္စာ"

ပျော့ပျောင်းပြုံးရယ်လာလိမ့်မည်ဟု မမျှော်လင့်သည်နှင့်ပင် ထပ်မံ မေးယူရသည်အထိ ဒေါ်မြရင် ငြိမ်သက်လျက်ရှိသည်။

"ပြောပါဦး မာမိရဲ့၊ ဘာအကြောင်းတွေလဲလို့။ စားမေးပွဲနီးလို့ စာကျက်ဖို့ လှမ်းဆူတဲ့စာလား"

ခေါင်းခါပြသည်။

"မနှစ်က ဆယ်တန်းဖြေခါနီးတုန်းက မာမိ ရေးခဲ့သားပဲ။ တစ်ကြိမ်ပဲပေါ့။ ခဏခဏ ပြောရအောင်က သားဟာ ကလေးပေါက်စနလေးမှ မဟုတ်တာ"

မနှစ်က စကားနှင့် လုံးဝ ကွာခြားလေပြီဟု မှတ်မိသည်။

"ဒါဖြင့် ဆယ်တန်းကို နှစ်ခါတည်းဖြေပြီး အောင်အောင် ကြိုးစားရမယ်။ ဘွဲ့ရမှ ရည်မှန်းချက် ပေါက်ရောက်အောင်မြင်မယ်။ ဒါမှ မိဘနှစ်ပါးကို စိတ်ချမ်းသာ စေတဲ့ သားလိမ္မာဖြစ်မယ်လို့ ရေးတာပဲ ဖြစ်မှာပါ"

ထင်မြင်ချက်ကို လွဲသွားစေသော မျက်ခုံးအတွန့် ပေါ်လာသည်။

"ဒါလည်း ရေးစရာမလိုတော့ပါဘူး။ ပြောဖူးထားတာတွေပဲ"

"ဒီလိုဆိုရင် မာမီ့စာကို ကျွန်တော် မမှန်းတတ်တော့ဘူး။ မာမိ ပြောပြဖို့တော့ ကောင်းပါတယ်။ ရေးလောက်အောင် ပြဿနာက ဘာမှမရှိတာ မဟုတ်ဘူးလား"

အကဲခတ်၍မရ။ မည်သို့ မေး၍နေစေကာမူ ပြောပြလိမ့်မည်ဟု မထင် တော့။ မျက်နှာချင်းဆိုင် ထိုင်နေသောကြောင့် ပို၍သိလွယ်သည်။ ကျွန်တော့်ထံသို့ မကြာခဏ ရောက်ရောက်နေသော ဒေါ်မြရင်၏ မျက်လုံးသည် ခပ်လွှဲလွှဲဖြစ်လာ၏။ စိတ်ဝင်စားမှု မရှိလေဟန် မျက်နှာကဲကို ပေါ်လွင်ရန် အားစိုက်ထားသည်ထင်၏။ မြင်နေကျ ဖြစ်နေ၍ ထူးထူးခြားခြား စိတ်ပျက်ခြင်းတို့သည် ကျွန်တော့်တွင် ဖြစ်မလာ။ ညိုမြာကို အကြောင်းပြုပြီး ပြောဆိုခဲ့ရသောအခါတိုင်း ဒေါ်မြရင်၏ ထိုသဏ္ဌာန်ကို တွေ့ရသည်။

"ဖြူဖြူကျော်ကော နေထိုင်ကောင်းရဲ့လား"

အံ့အားသင့်စေလောက်သော မေးခွန်း။ ကျွန်တော့်ကို 'ဖြူဖြူကျော်နှင့် ပတ်သက်သောသူ' ဟု အသိအမှတ်ပြုကြောင်း ရည်ရွယ်မေးဟန်တူလေသည်။ ကျွန်တော်သည်

mgyoe.com

mgyoe.com

သူတို့သားအမိနှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိဟု သွယ်ဝိုက် ကြေညာလိုက်ခြင်းဟု သဘောရသည်။ သည်မေးခွန်းကြောင့် မပြောတော့ဟု စိတ်ကူးထားသည် ဖျက်လိုက်ရသည်။

"ညိုမြာ ဘယ်သွားလဲ မာမီ"

ဖြေချင်စိတ်ရှိပုံမပေါ်။ အတန်ကြာမှ ဖြေသည်။

"မသွားပါဘူး။ ရှိသားပဲ"

"အိမ်ခန်းထဲမှာ စာဖတ်နေတယ်နဲ့တူတယ်"

"မပြောတတ်ဘူး"

"ကျွန်တော်နဲ့ပတ်သက်လို့ ဘာပြောသေးလဲ မာမီ"

"ဘာမှမပြောဘူး"

"ညိုမြာက ကျွန်တော့်အပေါ် တော်တော့်ကို စိမ်းလာတယ် မာမီ"

"အမှန်က မာမို့အမှားပဲ"

"ဗျာ ဘာဖြစ်လို့လဲ မာမီ"

"သားကို မာမီ ပြောဖူးသားပဲ။ ညိုမြာနဲ့ သားနဲ့ သမီးရည်းစား ဖြစ်နေတာကို မာမို့အနေနဲ့ အတော်ကြာကြာစောင့်ပြီး အကဲခတ်ဖို့ ကောင်းတယ်။ တစ်ယောက်ကို တစ်ယောက် လေ့လာချိန် သုံးလေးငါးနှစ်လောက် ရှိပြီးမှ စေ့စပ်တာတို့၊ လက်ထပ်တာတို့ လုပ်သင့်တယ်။ ခုတော့ ခုကြုံက် ခုစေ့စပ်လိုက်သလို ဖြစ်သွားတယ်လေ။ လူငယ်ဆိုတာ စိတ်ပြောင်းလဲတတ်တာပဲ။ အထူးသဖြင့်က ညိုမြာဆိုရင် ကလေးစိတ် မပျောက်သေးဘူး။ သားတို့က စေ့စပ်ထားချင်တယ်ဆိုတာနဲ့ မာမီ သဘောတူလိုက်ရတာ။ ဒါကိုက တကယ့်အမှားပဲ။ ညိုမြာ့မှာ စေ့စပ်ထားတယ်ဆိုတဲ့ အသိကြီးကပဲ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေတယ်နဲ့ တူပါတယ်"

သည်စကားကို လက်မခံနိုင်။

"မာမို့အမှားဆိုတာ မဖြစ်နိုင်ပါဘူး။ စေ့စပ်ဖို့ဆိုတဲ့ စကားကို ညိုမြာက စပြောတာပဲ။ မာမီက စပြီးစိစဉ်တာဆိုရင်တော့ ထားပါ။ မဟုတ်ဘူးလား"

"အို ဒါက အလေးအနက်ကြီး ရည်ရွယ်ပြီး သူပြောခဲ့တာ မဟုတ်ပါဘူး"

ဘဝင်မကျ။ စေ့စပ်ကြောင်းလမ်းထားရေးအတွက် ညိုမြာ မည်မျှလေးနက်စွာ ပြောဆိုခဲ့သည်ကို ကာယကံရှင် ကျွန်တော်အသိဆုံး။ ညိုမြာ့ အလွဲအပြောင်းများ အတွက် သက်သာရာ သက်သာကြောင်း ဖော့ပစ်လိုက်ခြင်းဟု နားလည်သည်။ ကျွန်တော်နှင့် ညိုမြာ့ပြဿနာတွင် မည်သူ့ဘက်သို့မျှ မယိမ်းဟု ပြောဆိုခဲ့သောသူသည် မယိမ်းသော်

mgyoe.com

mgyoe.com
လည်း စိုးစဉ်းတိမ်းချေပြီ။ သမာသမတ်ကျသော တရားသူကြီးတစ်ဦး သဖွယ် နေမည် ဆိုသူသည် အဘယ်အဂတိသို့ လိုက်ပြီမသိ။ ကျွန်တော်သည် သား၊ ညီမြာသည် ချွေးမဟု စေ့စပ်သောနေ့က ဆိုခဲ့သူသည် ဆိုစဉ်ကနှယ် မဟုတ်တော့ပြီ။ အတွင်းထရံသည် အတွင်း၊ အပြင်ထရံသည် အပြင် ဖြစ်ချေပြီဟု ကျွန်တော် သဘောပေါက်လေ၏။ သူ့စကားကို မငြင်းလိုတော့။

"မင်းတို့နှစ်ယောက် အဆင်မပြေတော့ မာမီ စိတ်မချမ်းသာဘူး"

စိတ်အိုက်လာသဖြင့် တိုက်ပုံအင်္ကျီကို ချွတ်ရင်း ပြောလိုက်သည်။

"စေ့စပ်ထားတဲ့သူနဲ့ မတူအောင် အနေပြောင်းတာက ကျွန်တော်က စတာမှ မဟုတ်ဘဲ"

"မင်းကြောင့်လည်း ပါပါတယ်"

တိုက်ပုံအင်္ကျီကို ပေါင်ပေါ်သို့တင်ကာ ပြောသည်။

"သူစိမ်းတစ်ရံလို ပြန်နေဖို့ ကျွန်တော် အစပြုတာ မဟုတ်မှန်း အသေအချာ ပြောရဲပါတယ်"

"ဩော် သားရယ်။ သူ စိတ်မပါတာတွေကို မင်းက တောင်းဆိုတာတွေကျ တော့ကော"

ကျွန်တော် နားမရှင်း။

"မာမီ ဘာကိုဆိုလိုတာလဲ"

သက်ပြင်းမှုတ်ထုတ်ပြီး မဲ့ပြုံးပြုံးပြသည်။ ထိုအမူအရာကို ကျွန်တော် ပို၍ နားမရှင်း။ ကုလားထိုင် လက်ရန်းပေါ်သို့ လက်ဝါး နှစ်ဖက်ဖြင့် ဖြည်းဖြည်းရိုက်သည်။ အိမ်ရှေ့ဝရန်တာသို့ကြည့်ရင်း ပြောလေသည်။

"ဥပမာပြောရရင် ရုပ်ရှင်သွားဖို့ သား ခဏခဏ ခေါ်တယ်။ သူမှ ရုပ်ရှင် မကြိုက်တာ"

"သူ ရုပ်ရှင်ကြိုက်တာ မကြိုက်တာကို ကျွန်တော် မငြင်းချင်ပါဘူး။ အရင်က ဆိုရင် ရုပ်ရှင်ကြည့်ဖို့ သူ အမြဲပူဆာတာ။ သူ့ကြောင့် ကျွန်တော် အကြည့်များလာရတာ။ ဒါကြောင့် ကျွန်တော်ခေါ်တာ။ သူ ငြင်းဖန်များလာတဲ့အခါ ကျွန်တော် စိတ်မကောင်း ဖြစ်ရတယ်"

"စိတ်မကောင်းဖြစ်ရုံတင် မကပါဘူးလေ။ ညီမြာဟာ အရင်ကဘယ်လို၊ အခု ဘယ်လိုဝေဖန်တယ်။ ညီမြာက ပြန်ပြောတော့ မင်းတို့ချင်း စကားများကြရော။ ကြားရတဲ့ မာမီလည်း စိတ်မချမ်းမသာ ဖြစ်ရပြန်ရော"
mgyoe.com

"ဒီတစ်ခုတည်း မဟုတ်ပါဘူး။ အရင်ကဆိုရင် ကျွန်တော် ဒီအိမ်လာတိုင်း နှစ်ယောက်အတူထိုင်ပြီး စကားစမြည်ပြောတယ်။ နောက်တော့ မေးတာတောင် ဖြေချင်မှ ဖြေတာမျိုးတွေဖြစ်လာတယ်။ ကျွန်တော်လာရင် အိမ်ခန်းထဲဝင်ဝင်ပြီး စာဖတ်နေတာတို့ အိပ်နေတာတို့ ဖြစ်လာရော။ ဒီကို တနင်္ဂနွေတစ်ပတ်မှ တစ်ခါသာ လာဖို့ ကန့်သတ်လာတာ လည်း မာမီအသိပဲ။ ရှမ်းရွာသွားလို့ လမ်းကြုံတာနဲ့ ဒီခဏဝင် တယ်။ တစ်ပတ်တည်း နှစ်ခါလာလို့ အော်ဟစ်ပြီး အပြစ်တင်တယ်။ အပြင်ကို အလည်အပတ်သွားဖို့ခေါ်ရင် ကျွန်တော်ရာဇဝတ်မှု ကျူးလွန်လိုက်ပြီလား အောက်မေ့ရတယ်။ ကက်ကက်လန်အောင် ရန်တွေ့တာ မာမီ့ရှေ့တွင်ပဲ။ ဒါတွေလည်း ပြောပါဦး မာမီရာ"

လေသံနိမ့်၍ ကျွန်တော်ပြောသည်။ ချုပ်ထားရ၍လားမသိ။ နည်းနည်း မောသည်။ ဒေါ်မြရင်၏ မျက်နှာသည် စောစောကထက် ပျော့ပျောင်းလာသည်။ စိတ်ကုန် ခန်းသော မျက်နှာထားကိုမူ တမင်ဆောင်ထားသည်။

"အင်း ဒါပဲပေါ့။ ဒီအပ်ကြောင်းထပ်တဲ့ ဓာတ်ပြားဟောင်းကြီး ဖွင့်ပြီး မာမီ့ကို နားပူနားဆာတိုက်ပေါ့"

ကျွန်တော် ခေါင်းခါပြလိုက်၏။

"မဟုတ်ဘူး မာမီ၊ မာမီ့ကို နားပူနားဆာတိုက်တာတော့ မဟုတ်ပါဘူး။ ညိုမာနဲ့ ပတ်သက်ရင် မာမီကလွဲလို့ ဘယ်သူ့ကို ကျွန်တော် ပြောရမလဲ။ တိုင်တည်စရာဆိုလို့ မာမီပဲရှိတာ"

"တိုင်တည်ရုံသက်သက်ဆို ပြဿနာ ဘယ်မှာ ပိုကြီးပါ့မလဲ၊ စွဲချက်တွေလည်း ပါပါနေတော့ ညိုမာက ဘယ်ခံနိုင်မလဲလေ"

တာဝန်ခံတစ်ဦး၏သားနှင့်ပတ်သက်သော အကြောင်းကို ထိုစကားတွင် ရည်စူး သည်။

"အဲဒါလည်း မာမီ စဉ်းစားကြည့်လေ။ ကျွန်တော့်ကျတော့ ဘာသိ ဘာသာ၊ ဟိုလူကျတော့ ပျူပျူငှာငှာ။ ကျွန်တော့်ရှေ့တွင်။ ကျွန်တော့်ရင်ထဲ ဘယ်လိုနေမလဲ။ ဒီလုပ်ပုံက ဟုတ်မှမဟုတ်တာ။ သူနဲ့ကျွန်တော်ဟာ စေ့စပ်ထားတယ်ဆိုတဲ့ အသိကလေး တော့ ရှိဖို့ကောင်းတာပေါ့။ ကျွန်တော့်မှာ ပြောပိုင်ခွင့်ရှိသင့်သလောက် ရှိတယ်ထင်ပါ တယ်။ တချို့ဟာကျတော့ မာမီကတစ်ဆင့် ပြောမှ သင့်မယ့်ဟာလည်းရှိတာယ် မဟုတ်လား။ ဒီသဘောပါ"

မျက်တောင်မခတ် ကြည့်နေသည်။

"ငါနဲ့ စေ့စပ်ထားတာပဲ။ ငါပိုင်တယ် ငါဆိုင်တယ်ဆိုတဲ့ အပေါ်စီး ယူတာမျိုးကို

mgyoe.com

mgyoe.com

ညိုမြ မခံနိုင်တာ အမှန်ပဲသား"

လည်ဝတွင် ဆို့သွားသည်။ ထွက်သက်ဝင်သက်ကို တစ်ချက် ပြင်းပြင်း သွင်းမှုတ်ပစ်လိုက်မိသည်။ အဖြစ်မှန်ကို သိသူတစ်ယောက်၏ နှုတ်မှ ပြောင်းတိ ပြောင်းပြန်ထွက်လာသောစကားကို မချေပချင်တော့။ တစ်ခွန်းသာ ပြန်ပြောတော့မည် စိတ်ကူးသည်။ နှုတ်အဟတွင် နောက်ကျောဆီမှ ခြေသံကို ကြားရသည်။

"ကျွန်တော် ဒီအိမ်မှာ မျက်ရည်ကျခဲ့ရတာ နှစ်ကြိမ်ရှိခဲ့ပါပြီ မာမီ"

ကျွန်တော့်ပခုံးကိုကျော်၍ ကြည့်သောမျက်လုံးကို တွေ့၏။ ညိုမြ အပြင်သို့ထွက်လာခြင်းမှလွဲ၍ အခြားမဟုတ်နိုင်။ ကျွန်တော်လှည့်အကြည့်တွင် ညိုမြ မျက်လုံးလွှဲလိုက်၏။ ထို့ကြောင့် ကျွန်တော်မျက်နှာ ပြန်လှည့်လိုက်သည်။

"မာမီ ထမင်းမဆာသေးဘူးလားဟင်၊ သမီး ဆာလှပြီ"

ကျွန်တော့်လက်ျာဘက်တွင် ညိုမြရပ်သည်။ လက်တစ်ဖက်က စားပွဲပေါ်သို့မထိတထိတင်ထားသည်။ ကျန်လက်တစ်ဖက်က ခါးတွင် မထောက်တထောက်။ မဆုပ်တဆုပ်ထားသော လက်ဝဲလက်သူကြွယ်ဆီသို့ ကြည့်လိုက်သည်။ ပုလဲလက်စွပ်ကို မတွေ့ရ။ ချစ်ခြင်း၏ သင်္ကေတဖြစ်သော စေ့စပ်လက်စွပ်ကို လက်ျာလက်ချောင်း တို့တွင်ဝတ်ထားသလားဟု ဖြည်ပြီး တွေးမိသေးသည်။ စားပွဲပေါ်ရှိ လက်ကို လှမ်းကြည့်သည်။ မရှိ။

ဘေးတိုက်မြင်နေရသော မျက်နှာကို တည့်တည့်မြင်ရသည်။ သို့သော် ကျွန်တော့်ကို တစ်ငဲ့တစ်ကြည့်မျှ မကြည့်။ ချစ်စဖွယ် မျက်နှာဝိုင်း၏ မာကျောခြင်းကို မေ့မည်မဟုတ်တော့။ စင်ရော်တောင်နှစ်ဖက်သည် တွန့်ထစ်နေ၏။ ထူတွဲတွဲ နှုတ်ခမ်းသည် တင်းကပ်လျက်ရှိ၏။ ဂျပုမလေးဟု ချစ်စနိုးခေါ်ဝေါ်သောအခါတိုင်း ပြုံးတတ် သူ၏မျက်နှာတွင်အပြုံးခန်းခြောက်နေပေပြီ။ မာန်ဖြင့်ရပ်သော ခန္ဓာကိုယ်သည် ကျက်ကျက်ဆူကာ မိုးထိလေမလား အောက်မေ့သည်။ ကျွန်တော့်ပခုံးကို မှီကပ်ထားခဲ့ဖူးသော ပါးပြင်နှစ်ဖက်၌ နှင်းဆီခင်းတွေ ရောက်နေသည်။

ကျွန်တော့် လက်သူကြွယ်ပေါ်ရှိ ကျောက်စိမ်းလက်စွပ်သည် အစိမ်းရောင်ပျောက်နေ၏။

❑

mgyoe.com

mgyoe.com

[ ၅ ]

"အဖေကော အမေ"

"မြောင်းနိကို သွားတယ်။ ညနေမှ ပြန်လာမယ်ဆိုပြီး ခုထိ မရောက်သေးဘူး။ ကေန္တတော့ သူ့ဆွေမျိုးတွေက ညအိပ်ဖို့ ဆွဲထားကြပြီထင်တယ်။ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး။ မတွေ့လို့ မေးတာပါ"

"မင်းလည်း တစ်ခါတည်း စားလိုက်လေ"

ထမင်းစားကုလားထိုင်တွင် ဝင်ထိုင်ရင်း ကျွန်တော် ဖြေသည်။

"မဆာသေးပါဘူး အမေရာ။ ဒါထက် ကျွန်တော် တမာစုကို သွားနေတုန်း အောင်တင်လာသွားသလား"

ယခုမှ သတိတရဖြစ်ဟန်တူ၏။ ထည့်ကာစ ထမင်းလုတ်ကို ဝါးသံဖြင့် ပြောသည်။

"လာသွားတယ် လာသွားတယ်။ အမေ မေ့နေလို့၊ စာတစ်စောင် လာပေး သွားတယ်။ အိမ်ရှေ့မှန်တင်ခုံ အံဆွဲထဲ ထည့်ထားတယ်"

ထိုင်ရာမှ ထလိုက်သည်။ အိမ်ရှေ့သို့အသွားတွင် စာပါ အကြောင်းအရာ များကို တွေးဆမိသည်။ ဒေါ်မြရင်ပြောလိုက်သော စကားတွေကို ပြန်စဉ်းစားကြည့်သည်။ စိတ်ချမ်းသာဖွယ်ရာတွေ ပါလိမ့်မည် မဟုတ်ဟု ထင်နေသည်။

အံဆွဲကို ဆွဲလိုက်သောလက်သည် မသိမသာ တုန်ယင်လျက်ရှိသည်။ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မိသည်။ စာအိတ်ကို လှမ်းယူပြီး အံဆွဲပြန်ပိတ် လိုက်သည်။

mgyoe.com

mgyoe.com
လေယာဉ်စာအိတ်။ အလင်းရောင်နှင့် ကွယ်၍ စာအိတ်ကိုထောင်ကြည့်ပြီး အနားသားဆီမှ ဆုတ်လိုက်သည်။ ပွင့်နေသောဘက်မှ စာရွက်ခေါက်ကို ကြည့်သည်။ ကော်ပီစာရွက် လေးငါးရွက်မျှ ရှိမည်ထင်သည်။ ဆွဲထုတ်ပြီး ဖြန့်လိုက်သည်။ ခေါင်းစည်း တပ်ပုံမှာ သားသို့ဟု။ ဖတ်လိုဇောကြောင့် အမြန်ဆုံးတစ်ခေါက်ဖတ်လိုက်သည်။ စာမဆုံးမီ ခေါင်းထဲတွင် ဆူလာသည်။ လမ်းကြောင်းကို ကျွန်တော် မြင်နေသည်။ ကျွန်တော့်ကို ကြိုးရှာခိုင်းသူမှာ ဒေါ်မြရင်။ ကြိုးရှာလာသူသည် ကျွန်တော်။ ကျွန်တော် ရှာယူလာသော ကြိုးဖြင့် ကျွန်တော့်ကို တုပ်လေပြီ။ မလှုပ်သာ မလှည့်သာအဖြစ်သို့ ရောက်ခဲ့ပြီဖြစ်ကြောင်း အစကတည်းက ကျွန်တော် သိသင့်သည်။ သူ့စာကို ဖတ်ရမှ သိရသည်အထိ ကျွန်တော် အငိုက်မိခဲ့လေပြီ။ သည်မျှ အ,ရသလောဟု ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လာသည်။ ထို ဒေါသဖြင့် စာထဲမှ အရေးကြီးသောအပိုဒ်တွေကို ပြန်ဖတ်ကြည့်မိသည်။

*ချစ်သူတုရှာဖို့ မာမီ အကြံပေးတာက ရှင်းပါတယ်။ သားနဲ့ညီမြမာတို့ ပြေလည်ရာ ပြေလည်ကြောင်းများ ဖြစ်လာမလားဆိုတဲ့အထင်နဲ့ မာမီ အကြံပေးခဲ့ခြင်းသာ ဖြစ်တယ်။ ညီမြမာရဲ့မခံချင်မှုတွေ၊ ဝန်တိုမှုတွေ ပေါ်ပေါက်လာရေးအတွက် ချစ်သူတုရှာဖို့ တိုက်တွန်းတာကို သားအလွဲသုံးစား လုပ်လိမ့်မယ်မဟုတ်ဘူးလို့ မာမီ ယုံကြည်ခဲ့ တယ်။ ဒီနည်းလမ်းဟာ ဘယ်သမီးရှင်ကမှ စိတ်မကူးမယ့် နည်းလမ်းပဲသား။ သားနဲ့ ညီမြမာတို့ ပြန်လည်အဆင်ပြေကြမယ်ဆိုရင် သားတို့နှစ်ယောက်လည်း စိတ်ချမ်းသာ မယ်။ မာမီလည်း စိတ်ရောနားပါ ချမ်းသာမယ်လို့ တွက်တယ်။ ဒီသဘောနဲ့ ချစ်သူတု ရှာဖို့ မာမီ ပြောဆိုခဲ့ခြင်းပဲ၊ ဖြူဖြူကျော်ဟာ သားရဲ့ချစ်သူတုလားဆိုတာ ခုအခါ စဉ်းစားရမယ့်အချိန် ရောက်လာပြီ။ ဖြူဖြူကျော်ရဲ့စာတွေကို ညီမြမာ မြင်သာမယ့်နေရာ မှာ မာမီထားခဲ့တယ်။ ဖက်တော့ ကြည့်တာပဲ။ ဒါပေမဲ့ ဝန်တိုမခံချင်မှုတွေ ပေါ်မလာဘူးလို့ မာမီ အကဲခတ် သိရှိရတယ်။ ဒီပြင် ပြဿနာက ညီမြမာမြင်နိုင်အောင် တွဲသွားတွဲလာ လုပ်ခိုင်းတဲ့ မာမီ့ သဘောကို သားနားမလည်ဘူး။ ခုတော့ ညီမြမာ မျက်စိနောက်လာတဲ့အထိ တတွဲတွဲနေတဲ့အနေမျိုး ဖြစ်လာတယ်။*

စိတ်လှုပ်ရှားလွန်း၍ ထင်၏။ သွားကို တင်းတင်းစေ့ထားမိသည်။ ဒေါ်မြရင်၏ မျက်နှာသည် စာလုံးတွေကြားတွင် ထင်းနေ၏။ သူ တိုက်တွန်းခဲ့သည် ထက် အပိုအလို မများလွန်းဟု ကိုယ့်ကိုယ်ကိုယ်သိသည်။ ဖြူနှင့် တတွဲတွဲနေသည်ဟု စွပ်စွဲခြင်းအတွက် မခံမရပ်နိုင် အဖြစ်ဆုံးပင်။ ညီမြမာ မျက်စိနောက်လာသည်အထိဟု တိုင်းတာပြခြင်းကို လက်မခံနိုင်။ ညီမြမာမြင်သည်မှာ လေးကြိမ်သာရှိသည်။ ဤ အကြောင်းအချက်တို့နှင့် ပတ်သက်၍ ယခင့်ယခင်က ပြောရေးဆိုခွင့်ရှိပါလျက်နှင့် မပြောခဲ့။ မပြောပင် မပြောခဲ့
mgyoe.com

mgyoe.com
သည်ပြား ယခုကား ဧရာမပြစ်ချက်တစ်ခု ဖြစ်နေချေပြီ။ အဘယ်သို့မျှ ရှင်း၍မလွယ်သော အပြစ်စကားဟု သိလိုက်သည်။

*ညိုမာပြောတာဆိုတာကို ခြုံပြီး နားလည်ရရင်တော့ သားကို စိတ်ကုန်နေပြီလို့ မာမီထင်တယ်။ အရင်က တစ်ယောက်နဲ့တစ်ယောက် စကားအခန့်မသင့်တာမျိုး၊ စိတ်ကောက်ပြီး စကားမပြောကြတာမျိုးပဲ ရှိတယ်။ ဖြူဖြူကျော့်ကိစ္စလည်း ဝင်လာရော၊ သားက သူ့ကို မေတ္တာရှိတယ်ဆိုတာပါ သံသယဝင်လာပုံရတယ်။ သားအကြောင်းကို စကားအစမခံတော့ဘူး။ ဒါပေတယ်လို့ အဆိုးထဲက အကောင်းပြောရရင် စေ့စပ်ထားတဲ့ကိစ္စကို ဘာမှတော့ မပြောသေးဘူး။ သူ့ကို အထူးသတိပြုပြီး မာမီ လေ့လာခဲ့တယ်။ အချစ်ရေးအိမ်ထောင်ရေးကို စိတ်ဝင်စားပုံမရသည်ထက်မရ ဖြစ်လာတယ်ကွယ်။ ကျောင်းသွားမယ်၊ စာကျက်မယ်၊ အလုပြင်မယ်၊ သီချင်းဆိုမယ်၊ မုန့်ပဲသရေစာ လုပ်စားမယ် ဒါပဲ။ ဒီတော့ သားရယ်၊ ဖြူဖြူကျော်ရယ်၊ ညိုမာရယ် ပါဝင်တဲ့ ဇာတ်ထုပ် တစ်ထုပ်ဟာ ဘယ်လိုအနေအထားနဲ့ ဆက်ပြီး ကပြသင့်တယ် ဆိုတာ မာမီ စဉ်းစားရ တယ်လေ။ သားနဲ့ ဖြူဖြူကျော်တို့ရဲ့အနေအထားဟာ ခရီးအတော်လွန်ခဲ့ပြီလို့ မာမီ ယူဆတယ်။ ချစ်သူတုဆိုရပေမဲ့ သားအဖို့ကလည်း မစွမ်းရင်းရှိ ကန်စွန်းခင်းငြိ ငြိတယ် မဟုတ်လား။ ဒီတော့ကာ ကြာရှည်လေ မရှုနိုင် မကယ်နိုင်ဖြစ်လေပဲပေါ့။ သားအဖို့မှာ နေမြင့်လေ အရူးရင့်လေဆိုတာမျိုးဖြစ်နေပြီ။ ညိုမာ့မေတ္တာကို ကြာလေ လေဝေး ဖြစ်ရင်း ဖြစ်ရင်း ဖြူဖြူကျော်ဟာ သားရဲ့ချစ်သူတစ်ယောက် ဖြစ်လာခဲ့ပြီ မဟုတ်လား။*

ဒီအခါမှာ ဒေါသသည် အဘယ်ပုံ အဘယ်နည်းဖြင့် အစပြု ဖွဲ့စည်းသည်ကိုလည်းကောင်း၊ ဒေါသသည် အဘယ့်ကြောင့် ပြင်းစွာ ပူလောင်ရသည်ကိုလည်းကောင်း ကိုယ်တွေ့သိ သိချေပြီ။ အဆများစွာ ပြင်းထန်ခြင်းရှိမလာအောင် မနည်းချိုးနှိမ် ထားရသည်။ ဖြူနှင့်ကျွန်တော့်ကို တကွပေါင်းကာ ညိုမာ့စည်းနှင့် ခြားလိုက်ခြင်းဟု လွယ်လွယ်တွက်၍ ရသည်။

*မာမီဟာ သမီးရှင်တစ်ယောက်ဖြစ်ပေမဲ့ သားရဲ့မိခင်အရင်းလိုနေဖို့ ဆုံးဖြတ်ရတယ်။ ငါ့သမီးကို စေ့စပ်ထားတဲ့ လူတစ်ယောက်က တခြားမှာ ချစ်သူထားတာ ငါတို့ကို အရှက်ခွဲတာပဲ ဘာပဲဆိုပြီး စိတ်မဆိုးပါဘူး။ အရှက်ခွဲတာပဲဆိုပြီး အာဃာတ မထားပါဘူး။ ညိုမာရဲ့ဘဝကို အစွန်းအထင်း ထင်အောင် လုပ်တာပဲလို့လည်း မမှတ်ပါဘူး။ သားစိတ်ချမ်းသာဖို့အတွက် ဦးစားပေးပြီး စဉ်းစားပါတယ်။ မာမ့်ကိုကော ညိုမာ့ကိုရော မငဲ့နဲ့တော့။ ကျွံခဲ့ပြီဖြစ်တဲ့ခရီးကို ဆက်လို့သာ သွားပါ။ မာမီတို့ ဝမ်းမြောက် ကျေနပ်စွာရှိကြဖို့ ကြိုးစားနေပါတယ်။ အေးရိပ်သာရဲ့ မိသားစုထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ခဲ့တဲ့ သားကို*

mgyoe.com

mgyoe.com
*ယနေ့ကစပြီး စိတ်လွတ်လပ် ကိုယ်လွတ်လပ်စွာ တံခါးဖွင့် ပေးလိုက်ပါပြီကွယ်။ ဖြူဖြူကျော်အတွက်ကော သားအတွက်ကော ကံကောင်းကြတယ်လို့ မာမီထင်ပါတယ်။ ဖြူဖြူကျော်ရဲ့စာတွေကို ဖတ်ပြီးမှန်း ရရင်တော့ သူဟာ သားကို နှစ်နှစ်ကာကာ မေတ္တာထားကြောင်း သိနိုင်ပါတယ်။ ဖြူဖြူကျော့်ကို မာမီ သမီးချင်း စာနာပါတယ်။ တကယ်လို့သာ သူဟာသားနဲ့ လမ်းခွဲ သွားရမယ်ဆိုရင် လူလည်းနစ်နာ စိတ်လည်းချမ်းသာနိုင်မှာ မဟုတ်ပေဘူး။*

ဖြူနှင့်ကျွန်တော်၏ဆက်ဆံရေးသည် ချစ်သူအဆင့်၌ပင် ပီပီ မရောက်ခဲ့သေးဟု ပြောနိုင်သည်။ ညိုမြာဟူသော ချစ်သူတစ်ယောက် ရှိပြီးသည့် ကျွန်တော်သည် ဖြူ့အပေါ်တွင် ထိန်းသိမ်းရမည်။ ဖြူ့ကို ကာယိက နစ်နာမှုတွေ မဖြစ်စေခဲ့။ ဖြူ့ လက်ဝါးကိုပင် ကျွန်တော်မမွေးမိအောင် နေခဲ့သည်။ ဖြူ့ပါး၊ ဖြူ့နှုတ်ခမ်းတို့သည် ကျွန်တော်နှင့် အဝေးကြီး ဝေးအောင် ကျွန်တော်သတိကြီးခဲ့သည်။ ဒေါ်မြရင်က 'လူလည်းနစ်နာ' ဆိုသော အသုံးအနှုန်းကို အဘယ်အဓိပ္ပာယ်ဖြင့် သုံးမှန်း မှန်းဆမရခဲ့။ တစ်နည်းတစ်လမ်းအားဖြင့် အထင်သေးခြင်းလားဟု တွေးမိသည်။ မည်သည့် သံသယ ပင်ဖြစ်စေကာမူ ဒေါ်မြရင်၏အမြင်၌ ကျွန်တော်သည် ဖြူနှင့် လွန်ကျူးစွာ ငြိစွန်းလျက် ရှိခဲ့ပြီဟု ဖြစ်နေပုံရ၏။ ဒေါ်မြရင်၏ ထိုအမြင်၊ ထိုသံသယတို့သည် တစ်စုံတစ်ရာ ရည်စူးချက်သို့ ရွေ့ယူချေလိမ့်မည်ထင်သည်။

*သားနဲ့ညိုမာတို့ စေ့စပ်ထားတဲ့ ကိစ္စကိုတော့ သားရယ် မာမီရယ်ဆုံပြီး စဉ်းစားကြတာပေါ့။ စဉ်းစားမယ်ဆိုတာနဲ့ မနက်ဖြန်ကျရင် အိမ်ကို ပေါက်ချမလာနဲ့ဦး။ အချိန်ယူပြီး ဘယ်ပုံစီစဉ်ရမယ်ဆိုတာ ဆွေးနွေးမှ ဖြစ်မယ်။ ခုလတ်တလောမှာတော့ ပိုနေမြဲ ကျားနေမြဲ နေကြသေးတာပေါ့။ သားတို့ဘက် ညိုမာ့ဘက် နှစ်ဖက်စလုံး ငြိမ်သက်နေခြင်းဟာ လမ်းစကို ရရာရကြောင်း ဖြစ်ပါလိမ့်မယ်။ ဒါထက် ပြောရ ဦးမယ်။ ခုလောလောဆယ်မှာ ဒီအကြောင်းတွေနဲ့ပတ်သက်လို့ မာမ့်ဆီလာပြီး မေးတာ ပြောတာတွေ စောဒကတက်တာတွေ မလုပ်စေချင်ဘူး။ ဒါနဲ့ ပတ်သက်လို့ ကြားလည်း မကြားချင်သေးဘူး။ ဖတ်လည်း မဖတ်ချင်သေးဘူး။ မာမ့် စိတ်ထားကို သားသိပါတယ်။ လက်ငင်းကိစ္စကို လက်ငင်းလုပ်တာကော၊ ရေရှည်ကိစ္စကို ရေရှည်လုပ်တာရော၊ ဒီတော့ အခုကိစ္စနဲ့ပတ်သက်ပြီး အချိန်ကျတဲ့အခါမှာ စာရင်းရှင်းကြတာပေါ့ သားရယ်။ မာမီ ခုလို ပြောလိုက်တဲ့အတွက် ဖြူဖြူကျော်ကို ဖြတ်တာမျိုးတွေ ဘာတွေလည်း သား မလုပ်ပါနဲ့။ မာမ့်စာတစ်ကြောင်း စကားတစ်ခွန်းကြောင့် တစ်ဖက်မိန်းကလေးမှာ ရင်ကွဲပက်လက်ဖြစ်ရမှာမျိုးကို မာမီ မလိုလားဘူး။ ဘဝဆိုတာ ဒီလိုပါပဲ သား။ ချစ်တိုင်း မညား၊ ညားတိုင်း မချစ်တဲ့။ ဒါကို ခေါင်းအေးအေးထားပြီး ပြေပြေလည်လည် စဉ်းစားမှဖြစ်မယ်။ မင်းတို့ နှစ်ယောက်ရဲ့ကိစ္စမှာ မေတ္တာ*
mgyoe.com

mgyoe.com

စစ်နဲ့ချစ်တဲ့ ဖြူဖြူကျော်ဟာ အချည်းနှီး အစတေးခံဘဝကို မရောက်စေသင့်ပါဘူး။ ပြီးတော့ ညိုမှာအပေါ်မှာ သား စေတနာ မှန်မှန်နဲ့ သဘောထားဖို့ ကြိုးစားပါ။ ရှေးကုသိုလ်ကံကြောင့် ဘဝခရီးကို အတူမဆက်နိုင်တာနဲ့ဘဲ ရန်သူလို သဘောမထားသင့်ပါဘူး။ ကိုယ့်နှမလေးတစ်ယောက်လို သဘောထားနိုင်ရမယ်။ ဒါကို သားက စွပ်စွဲချက်တွေနဲ့ မမြင်သင့်ဘူးကွယ်။ ညိုမှာဟာ သား ထက် အဆင့်အတန်း မြင့်တဲ့ ဘယ်သူ့ကို ဘယ်ဝါကို မြင်လို့ သားကို ကလန်ကဆန် လုပ်တယ်။ ဒါကြောင့် ပြဿနာဟာ ဒီအထိကြီးလာရပါတယ်လို့ ထပ်မပြောစေချင်ဘူး။ အမှန်က ဘယ်သူမပြု မိမိမှုချည်းပဲ သားရေ့။ ကဲ ဒါလောက်ဆို စကားကုန်ပါပြီ။ သား စိတ်တည်ငြိမ်အောင် ကြိုးစားပြီးနေပါ။ စာမေးပွဲနီးပြီ။ စာကျက်ပါ။ စိတ်မလေပါနဲ့။ ဆယ်တန်းနှစ်ခါကျတဲ့ မာမီ့သားလို့ သူများပြောတာ မခံချင်ဘူး။ တက္ကသိုလ်ကျောင်းသားကြီးအဖြစ်နဲ့ မြင်ချင်တယ်။ ညိုမှာကတော့ ဒီနှစ်ဟာ ဆယ်တန်းနှစ်ချင်း ပေါက်အောင်တဲ့ နှစ်ဖြစ်ရမယ်ဆိုပြီး စာတွေ ဖိကျက်နေတယ်။ သားအိမ်မှာပဲနေ။ ဘယ်မှ မသွားနဲ့။ ကျောင်းကပြန်ရင် အိမ်မှာစာကျက်။ သားနဲ့ညိုမှာ တို့ကြားမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာကြောင့် သားကို မာမီ သချ်ာကျူရှင်ပေးမယ့် ကိစ္စလည်း ဖျက်လိုက်ရတယ်။ မာမီ စိတ်မကောင်းပါဘူး။ မတည့်သူနှစ်ယောက်ကို မျက်နှာချင်းဆိုင် ပေးရာကျမှာစိုးလို့ပါ။

ရွှင်လန်းချမ်းမြေ့ပါစေ
သားရဲ့မာမီ
မြရင်

စာရွက်ကို လုံးချေပစ်လိုက်သည်။ ထိုင်ရမည်လား၊ ရပ်နေရမည်လား သတိမမူနိုင်။ ဘာလုပ်ရမည်ကို တွေးမရ။ ဒေါသစိတ်သည် တိုး၍လည်း မတက်။ ဆက်၍လည်း မကျ။ ဒီ အီသကဲ့သို့ဖြစ်နေသည်။ ချေထားသော စာကို ပြန်ပြီး ဖြန့်လိုက်သည်။ ထို့နောက် ရစဥ်ကကဲ့သို့ ခေါက်လိုက်သည်။ စာအိတ်ထဲသို့ ထည့်လိုက်သည်။ စာအိတ်ကို ထက်ပိုင်းခေါက်ကာ အင်္ကျီအိတ်ထဲသို့ ထည့်ရင်း ထမင်းစားခန်းသို့ ခြေဦးလှည့်လိုက်သည်။

အမေသည် ထမင်းစားပြီးနေပြီ။ သံဆန်ခါအုပ်ဆောင်းကို စားပွဲပေါ်တွင် အုပ်လိုက်ပြီး ကျွန်တော့်ကို ကြည့်သည်။ ထို့နောက်

"ဘယ်သူ့စာလဲ သား"

လိမ်းလွဲဖြေမည် စိတ်ကူးသည်။ သို့သော် အောင်တင်က ဒေါ်မြရင် ပေးလိုက်တဲ့စာဟု ပြောပြီးသား ဖြစ်ကောင်းဖြစ်မည်။ ထို့ကြောင့်

"မာမီ ဒေါ်မြရင် ပေးလိုက်တာပါ"

mgyoe.com

mgyoe.com

အမိပွာယ်နှစ်ခွထွက်အောင် ပြောရခြင်းဖြစ်သည်။ မာမီ ဒေါ်မြရင် ရေးသောစာ ဟုလည်းကောင်း၊ ညိုမှာ့စာကို မာမီဒေါ်မြရင်က တစ်ဆင့် ပေးလိုက်တာဟု လည်းကောင်း ရောရောထွေးထွေး နားလည်သွားဟန် ရှိသည်။ အမေသည် လက်သုတ်ပဝါကို လှမ်းယူကာ

"အမေတို့ကို ဘာပြောလိုက်သေးလဲ"

"ကျေးဇူးတင်ပါတယ်ပေါ့ အမေရာ"

လေသံကို ကိုယ်ကိုယ်တိုင် သတိပြုမိလိုက်သည်။ စိတ်လက် ပေါ့ပါးခြင်း ကင်းသော အဖြေဖြစ်နေသည်။ အမေသည် လက်သုတ်နေရင်း စူးစူးစိုက်စိုက် တစ်ချက် ကြည့်သည်။ ထိုအကြည့်ကြောင့် အင်္ကျီအိတ်ထဲရှိ စာပါအကြောင်းများကို အမေသိသွား မည်စိုးလာသည်။ ဟန်ဆောင်ကြည်လင်သောမျက်နှာထားရန် သတိဝင်သည်။

"အဖေ့ကိုလည်း မေးပါတယ်။ အမေတို့ အလည်လာမယ့်အကြောင်းလည်း ကျွန်တော် ပြောလိုက်ပါတယ်"

အခန်းထောင့်ရှိ ရေအိုးစင်ဆီသို့ အမေ သွား၏။ လက်သုတ်ပဝါကို တန်းတွင် လှန်းပြီး ရေအိုးဖုံးကို ဖွင့်သည်။ ပြတင်းပေါက်ဆီသို့ ခပ်ငေးငေးကြည့်သည်။ ပြတင်းမှ အလင်းကို ကျွန်တော် မြင်သည်။ မှောင်စပျိုးလေပြီ။

"သား ထမင်းစားလိုက်လေ"

"မဆာသေးပါဘူး အမေရယ်၊ တော်ကြာမှ စားမယ်။ မောင်ပြုံးဆီကို ခဏသွားမလား စိတ်ကူးလို့"

ရေတစ်ကျိုက်သောက်၍အပြီးတွင် ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။

"မသိပါဘူး၊ ရွှေယောကျ္ာမအိမ်ကများ စားသောက်လာလို့ ဗိုက်ဝလာတယ်ထင်တာ"

ပြုံးတော့ ပြုံးပြမိသည်။ ပကတိအပြုံးမဟုတ်။ သို့သော် အမေ မရိပ်မိ။

"မဟုတ်ပါဘူး၊ အမေချက်တဲ့လက်ရာလောက်မကောင်းလို့ ဟိုအိမ်မှာ မစားခဲ့တာပါ"

သောက်ရေခွက်ကို ပြန်ပြီးတင်သည်။ နှစ်နှစ်ကာကာ ပြုံးသည်။ အကယ်၍ ညိုမှာတို့ သားအမိ ထမင်းစားမည်ပြင်ချိန်တွင် ကျွန်တော့်ကို ထမင်းစားတစ်ခွန်းမျှ မခေါ်တော့သည့်အဖြစ်ကို သိပါက ထိုသို့ ပြုံးနိုင်လိမ့်မည်မထင်။

"ငါ့သားက အပြောမှာတော့ လွမ်းလောက်တာ တကယ်ပဲကွ။ ညိုမှာနဲ့ ရန်ဖြစ်စိတ်ကောက်ပြီး ဟိုက ထမင်းမကျွေးတာနဲ့ အမေချက်တာ ပြန်စားတာ ဖြစ်ချင် ဖြစ်နေ

mgyoe.com

mgyoe.com
မှာ၊ ဟုတ်တယ် မဟုတ်လား"

မျက်နှာပျက်လုပျက်ခင် ဖြစ်သွားသည်။ မောင်ပြုံး၏ နှုတ်ခမ်းကို ပြေးပြီး မြင်သည်။ အမေ့ကို ဘာတွေများ ပြောလိုက်ပြီလဲဟု စိုးရိမ်လာ၏။ ညိုမြာနှင့် မပြေ မလည် ဖြစ်နေသည်တို့ကို အမေတို့ မသိစေရန် ဖုံးထားရသည်။ တစ်စွန်းတစ်စမျှ မပေါက်ကြား ပါရန် မောင်ပြုံးကို မှာထားခဲ့သည်။ ခေါင်းညိတ်ပြသော မောင်ပြုံးသည် သတိလစ်၍ ပြောများပြောမိလေပြီလား။ သတိကြီးစွာဖြင့် ထိန်းထားရသည့်ကြားမှ အမှတ်မဲ့ လွဲချော် တတ်သည်။ ထိုအလွဲအချော်တို့သည် လူ့ပါးစပ်၌ တစ်ခါတစ်ရံ ရှိတတ်လေသည်။

ပြုံး၍ ကြည့်သာနေလိုက်သည်။

အမေ့မျက်လုံးကို ပို၍ ကြောက်ရွံ့လာစေသော စကားတစ်ခွန်း ကြားရသည်။

"မင်းလည်းသွားရော မောင်ပြုံးရောက်လာတယ်။ အောင်တင်နဲ့တောင် တွေ့ကြသေးတယ်။ အမေနဲ့ စကားတွေအကြာကြီးပြောပြီးမှ ပြန်သွားတာ"

❑

mgyoe.com

mgyoe.com

[ ၆ ]

စီးကရက်ပြာကို တောက်၍ ခြွေလိုက်သည်။ ထို့နောက် စာအိတ်ကို ကျွန်တော့်အား လှမ်းပေးသည်။ ယူပြီး တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။ မောင်ပြုံးသည် နှုတ်ခမ်းတွင် စီးကရက်ခဲထား၏။ အင်္ကျီလက်ရှည်ကို သေသေသပ်သပ် ခေါက်လိုက်သည်။ ထို့နောက် စီးကရက်ကို နှုတ်ခမ်းမှ ယူသည်။ မီးခိုးတစ်ချက် မှုတ်သည်။

"ငါ့အထင်ကတော့ သိပ်မကြာခင်မှာ စေ့စပ်ထားတာကို ဖျက်သိမ်းလိမ့်မယ် ထင်တယ် မောင်ပြုံး၊ ဒီလိုဖျက်လို့ရအောင် တမင်အကွက်ချပြီး ငါ့ကို တွယ်လိုက်တာ ဖြစ်မှာပါ"

မောင်ပြုံးသည် မျက်လုံးကို တစ်ချက်စွေပြီး ကြည့်၏။

"မဟုတ်ဘူး"

စကားကို တန့်ထားသောကြောင့် ကျွန်တော် မေးရလေသည်။

"ဘယ်လို မဟုတ်တာလဲ"

မန်ကျည်းပင်တွင် ကျောမှီပြီး သူပြုံးသည်။

"ဒီအသိကို အဘွားကြီးက ချစ်သူတုရှာဖို့ တိုက်တွန်းလိုက်တဲ့နေ့ကတည်းက မင်း သိသင့်တာ။ အခုမှ သိတာဟာ မဟုတ်ဘူးလို့ ငါ ပြောတာကွ"

"ဟာ မင်းကလည်း အရေးထဲမှာ နောက်နေပြန်ပြီ"

"နောက်တာမဟုတ်ဘူးကွ။ မင်း အဲသလောက် တုံးတာကြောင့် ငါ ဒေါသဖြစ်ရတာ။ ခုဆိုရင် မင်းဘာဖြစ်နေပြီထင်လဲ၊ မင်းကို ဘာကောင်ဖြစ်သွားအောင် အဲဒီစာ

mgyoe.com

ထဲမှာ ရေးထားတယ်မှတ်လဲ။ မင်း အပြစ်ချည်းဖြစ်နေတာကော တွေ့ရဲ့လား။ သူ့သမီးကျ တော့ ညွှန့်နေတာပဲ။ ခြောက်ပစ်ကင်းသဲလဲစင်။ ပီဘိကလေးလေး။ မင်းက လူလည်ကြီး၊ လူရှုပ်ကြီး။ ပြီးတော့ မင်းကို အထင်တသေး မြင်နေတာ။ အိမ်မလာဖို့ ယဉ်ယဉ်ကျေးကျေးနဲ့ ကြိုပြီး နှင်ထားတာ"

ကျွန်တော်က နှုတ်ခမ်းမဲ့ပြလိုက်သည်။

"မင်းကို ငါပြောဖူးသားပဲ မောင်ပြုံးရာ။ သူတို့အိမ်သွားရတာ အရင်ကဆို ပျော်နေ တာ။ ညိုမြာ ဂျစ်ကန်ကန်လုပ်လာကတည်းက အဲဒီ သွားရတာ ငရဲကျသလိုပဲ။ တစ်နေ့ အဆင်ပြေနိုး ပြေနိုးနဲ့ စိတ်ညစ်လိုက်တာ မပြောပါနဲ့တော့ကွာ။ နေ့တိုင်းလိုလို သွားသွားပြီး အဆင်ပြေအောင် ကြိုးစားတယ်။ နေ့တိုင်းသွားကာမှ ပြဿနာပိုကြီး ရတယ်။ အိပ်ခန်းထဲမှာ ညိုမြာရှိရက်နဲ့ ဘယ်သွားတယ် ဘာညာနဲ့ အဘွားကြီးက ပြောလွှတ်တာလည်းခံရပါရဲ့။ ညိုမြာထိုင်နေတဲ့အနားသွားရင် ညိုမြာက ထသွားတယ်။ ကျောင်းအလွှတ် မင်းနဲ့ငါနဲ့ သူ့ကိုစောင့်တုန်းက မင်းမြင်သားပဲ။ ဘာလို့ လာတွေ့တာလဲ ဘာလဲနဲ့ ညိုမြာ ဟောက်လွှတ် တာလေ။ အိမ်မှာက ဒါထက်ဆိုးတယ်။ အခု သွေးအေးလာတော့ ပြန်ပြီး စဉ်းစားကြည့် တယ်။ ငါ့နယ် တကယ် အောက်ကျလိုက်တာကွာ။ နွားတစ်ကောင် ခွေးတစ်ကောင်ကျနေ တာပဲ"

ဟက်ဟက်ပက်ပက် ရယ်၏။ သူ့ရယ်သံသည် ကျွန်တော့်အဖြစ်များသို့ ဂယက် ပြန်ရိုက်လျက်ရှိသည်။ အရယ်ရပ်ပြီး ပြောသည်။

"မင်းကိုငါ အဲဒီတုန်းကတည်းက ပြောသားပဲ။ ညိုမြာ မဟန်ပါဘူးလို့။ လုပ်ပုံ တွေက တစ်စတစ်စ ရှင်းလာတာပဲကွ။ ကိုယ်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးဆီသွားတာ ဘာဖြစ်လဲ။ မိန်းကလေးကကော ကိုယ့်ချစ်သူလာတာ မတွေ့ချင်တဲ့မိန်းကလေးရယ်လို့ ရှိနိုင်ပါ့မလား။ အဘွားကြီးကရော၊ မင်းလာတာကို ဆင်ခြင်ဖို့ပြောတည်းက ဘယ်လာ ဟုတ်တော့မလဲ။ လူကြီးစုံရာနဲ့ ရပ်ထဲရွာထဲ အသိပေးပြီး မင်းတို့ စေ့စပ်ထားတာပဲဟာ။ မင်း အဝင်အထွက်များတာကြောင့် အရပ်ထဲမှာ သူတို့ သိက္ခာကျနိုင်တယ် ဘာညာနဲ့ ပြောတာကိုကြည့်။ အဓိပ္ပာယ်မရှိလိုက်တာ။ မင်းအစား ငါဖြင့် မခံချင်လိုက်တာ အရမ်းပဲ။ မင်းက ဘာမှမမြင်နိုင်အောင် မွှန်နေပြီး ငါ့စကားမှနားမဝင်တာ"

မွှန်နေပြီးဟူသော အသုံးအနှုန်းကြောင့် မျက်နှာမထားတတ်။ အဆင်း တန်ဆာကို ဖယ်ရှားပြီး အဖြစ်အမှန်အတိုင်းပြောရလျှင် အတိကျဆုံး အသုံးအနှုန်းဟု ကျွန်တော် နားလည်သည်။ ထိုအချိန်အခါက ကျွန်တော်သည် မောင်ပြုံးပြောသည့် အတိုင်းပင် ညိုမြာ နှင့် ပြန်လည်အဆင်ပြေရေးအတွက် မည်သည့်နည်းလမ်းကို သုံးရ သုံးရ၊ မည်သည့်အရာ

mgyoe.com
တွေကို စွန့်ရ စွန့်ရ၊ သုံးမည် စွန့်မည်ဖြစ်ခဲ့သည်။ သတိအလင်းသည် မျက်လုံး၌ စုံကွယ်ကွယ်ခဲ့ရလေ၏။ အဆင်ခြင်တရားသည် ကြာရှည်စွာ ကင်းကွာခဲ့သည်မဟုတ်သော်လည်း မကြာရှည်လှသော ထိုအတိုင်းအတာအတွင်း အမှားတွေ ဖြစ်ခဲ့ရချေ၏။

"တစ်ခုတော့ တော်သေးတာပေါ့လေ။ အချစ်ခိုးသင့်လို့ တစ်သက်လုံး ဘာမှ မမြင်နိုင်အောင် ဖြစ်သွားတတ်တဲ့ လူတွေထက်စာရင် မင်းကို တော်တယ်လို့ ချီးကျူးရမယ်။ ဒါပေမဲ့ မင်းကို အားမရဘူး။ ငါ အမှန်အတိုင်းပြောတာ မောင်မောင်သက်။ တစ်ပြဿနာတက်တုန်းမှာ နောက်ထပ်ပြဿနာတစ်ခု ထပ်တိုးအောင် လုပ်တယ်"

ဖြူနှင့်ပတ်သက်ရာကို ရည်ညွှန်းသည်ဟု နားလည်သည်။

"ချစ်သူတု၊ ဘာလဲ ချစ်သူတု၊ အလကားစိတ်ကူး။ သဘာဝ မကျတဲ့စကား။ စိတ်ကူးယဉ်ရုပ်ရှင် ရိုက်နေတယ်များ အောက်မေ့သလား မသိဘူး။ ဘယ်မိန်းကလေးက သူ့နာမည်ပျက်ခံပြီး ချစ်သူအတုလုပ်ပါ့မလဲ။ မင်းကိုယ်တိုင်ကလည်း နည်းနည်း ကလေးမှ ကွက်ကျော်မမြင်ပါဘူး"

ရယ်မောသံဖြင့် ပြန်ပြောလိုက်သည်။

"ဟော့ကောင် ငပြုံး၊ မင်းကလည်း အပြစ်ချည်းဖိတင်နေတာပဲ။ အပြစ်ရှိပါတယ်လို့ ဝန်ခံထားတဲ့ကောင်ကို အပြစ်ထပ်တင်နေတော့ ဘာထူးမှာမို့လဲ"

ထိုအခါ ရယ်ကျဲကျဲနှင့်နေသည်။ အစီခံသို့ ထိလုနီးပါး စီးကရက်တိုကို မြေပေါ်တွင် ထိုးချေလိုက်၏။

"ထူးတာပေါ့ဟ၊ ခုနေ ညိုမြာက မင်းကို အရင်ကလို တကိုကိုနဲ့ ကိုကို ကိုကို ဖြစ်လာရင် မင်း ဘယ်လိုသဘောထားမလဲ။ အဲဒါ ငါ သိချင်တယ်"

ကျွန်တော့်အဖို့မူ စဉ်းစားကြည့်ရန်ပင် မေ့လျော့နေသောအချက် ဖြစ်ပေသည်။ သူ မေးလိုက်တော့မှ သတိရသည်။ ကျွန်တော် မည်သို့ သဘောထားမည်နည်း။ ခဏတော့ တွေသွားသေးသည်။ ခပ်တွေတွေ ဖြစ်သွားသောကြောင့်လားမသိ။ သူ ပြုံးလေ၏ ။ ထို့ကြောင့် ကမန်းကတန်း ဖြေရသည်။

"မင်းပြောလို့သာ ငါ တွေးကြည့်ရတာ။ ညိုမြာဟာ အရင် ညိုမြာ ပြန်ဖြစ်လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

သူ ထေ့ပြုံး ပြုံးသည်။

"ထားတော့လေ။ တကယ်လို့များ ဖြစ်လာပြီဆိုရင်"

"ငါ စိတ်ပြတ်ရလိမ့်မယ် မောင်ပြုံး"

"ဘာဖြစ်လို့"

"အဘွားကြီးရဲ့ အကွက်ဆင်တတ်တဲ့အကျင့်ကို ငါ ကြောက်လို့ပဲ။ ညိုမှာနဲ့ အတူ ငါရှိနေသမျှ ကာလပတ်လုံး အဲဒီလို အကွက်ဆင်တာမျိုး ခံရရင် ဘယ့်နှယ်လုပ်မလဲ"

"သြော် အဘွားကြီးကြောင့်ပေါ့။ ညိုမှာ့ကို စိတ်ကုန်လို့တော့ မဟုတ်ဘူးပေါ့ ဟုတ်လား"

ဖြေရန်စကား ရုတ်တရက် ရှာမတွေ့။ ပေါင်ပေါ်တွင် တင်ထားသော ကျောင်းစာအုပ်တွေကို မြက်ခြောက်ပင်တွေပေါ်သို့ ချထားလိုက်၏။ ပြီးမှ

"အမှန်အတိုင်းပြောရရင် ညိုမှာ့ကို ငါ သံယောဇဉ်ရှိတော့ ရှိနေသေးတာပေါ့ မောင်ပြုံးရာ။ မင်း ငါ့နေရာကဝင်ပြီး တွေးကြည့်လေ။ ငါ အခု အသက်နှစ်ဆယ့် တစ်နှစ်။ ညိုမှာဟာ ငါ ပထမဆုံးတွေ့ခဲ့တဲ့ မိန်းကလေး။ သမီးရည်းစားဘဝကနေ စေ့စပ်ထားတဲ့ အဆင့်။ ဒီတော့ သံယောဇဉ်ဖြစ်မိတာပဲ။ သူ ငါ့ကို အမျိုးမျိုးလုပ်နေတဲ့ အချိန်မှာ အမှန် ဆိုရင် ငါနာကြည်းသင့်တယ်။ ဒါပေမဲ့ နာကြည်းဖို့ထက် သူ ဘာဖြစ်လို့ အဲသလို ပြောင်းလဲ သွားရတယ်ဆိုတဲ့ အကြောင်းရင်းကို ရှာကြည့်နေမိတယ်။ ရှာနေရင်းနဲ့ပဲ ပြန်လည် အဆင်ပြေဖို့ အမျိုးမျိုးကြိုးစားခဲ့တာ မင်း အသိပဲ။ မင်း သိပါတယ်"

ခေါင်းညိတ်ပြသည်။

"ငါမြင်တာက ဒီလိုသက်ရ။ မင်းဟာက ညိုမှာမှ ညိုမှာဖြစ်နေတာကိုး။ လောကကြီးတစ်ခုလုံးဟာ တိုက်ပွဲချည်းပဲ သူငယ်ချင်း။ တစ်ယောက်ချင်း၊ တစ်စုချင်း၊ တစ်လွှာချင်း တိုက်ပွဲသဘောရှိနေတာကွ။ ဉာဏ်သာတဲ့လူက စားတာပဲ။ ဉာဏ်ချင်း ယှဉ်ရတဲ့ဟာကို အရမ်းစွတ်ဝင်သွားရင် ခံရပြီမှတ်။ သူ့တာ ကိုယ့်တာ ကွဲပြားရမယ်။ နေရာချင်း ခြားနားရမယ်။ မင်းဟာက အကုန်လျှော့ပေးပြီးဝင်တော့ အရှုံးချည်းပေါ့ဟ"

သူတွက်ပြသည်တို့တွင် အမှားမရှိ။ သူ့အသံကြားနေစဉ် ညိုမှာကလည်း ကောင်း၊ ဒေါ်မြရင်ကလည်းကောင်း ကျွန်တော့်ကို မည်သို့မည်ပုံ စာရင်းမသွင်းပုံတွေ မြင်လာသည်။ သူတို့အိမ်သို့ တစ်ပတ်လျှင် နှစ်ခါသုံးခါ လာခြင်းကြောင့် ပတ်ဝန်းကျင် က သူတို့အပေါ် အထင်သေးလာနိုင်ကြောင်း ဒေါ်မြရင်ပြောခဲ့သည်။ ကျွန်တော်လာ သောကြောင့် ဧည့်ခံ စကားပြောရသဖြင့် အချိန်ပြုန်းတီးကြောင်း ဒေါ်မြရင် ပြောခဲ့ သည်။ စေ့စပ်ထားခြင်းကြောင့် ဘဝတုံးသွားသကဲ့သို့ ဖြစ်ရကြောင်း ညိုမှာပြောခဲ့သည်။ သူ ကျောင်းအပြန် ကြိုနေကျကို မကြိုနှင့်တော့ဟု ညိုမှာပြောသည်။ ကျွန်တော်နေသော ကျောင်းက သူနေသောကျောင်း ထက် လေးဆယ့်ငါးမိနစ်စောပြီးလွှတ်သည်။ တစ်ရက်တလေ အကြိုနောက်ကျလျှင် စိတ် ကောက်တတ်သောညိုမှာသည် အဘယ်ကြောင့် မကြိုရန်ပြောသည် မတွေးတတ်။ သူ့အကြောင်းပြမှာ ရှက်စရာကောင်း သောကြောင့်ဟု ဖြစ်လေ၏။ နှစ်ဖက်မိဘနှင့် ဆွေမျိုး

mgyoe.com

မိတ်သင်္ဂဟအနည်းအကျဉ်းသာ သိထားသော စေ့စပ်ကြောင်းလမ်းခြင်းသတင်းကို မြို့သိ ရွာသိ တစ်တိုင်းပြည်လုံးသိ အဖြစ်သို့ မရောက်ချင်ဟု ညိုမာပြောခဲ့သည်။ ထို့ပြင် ယခုတွေး ကြည့်တော့မှ နာစရာဟုသိသော ပြောဆိုပြု မူပုံတွေကို ပြန်လည်အမှတ်ရလေသည်။

"မေတ္တာစေတနာထားတဲ့လူကို အနိုင်ယူချင်လည်း ယူပေါ့ကွာ။ ငါ့ဝမ်းထဲမှာ ရှိတဲ့အတိုင်း မင်းကို ပြောပြမယ်။ ငါ့သဘောကတော့ သူတို့ကို အနိုင်ယူဖို့ဆိုတာ ဘယ် တော့မှ မစဉ်းစားဘူး"

"အမလေး ငါ့နှယ် ဘုရားလောင်းနဲ့မှ လာတိုးနေပါလား။ ငါပြောမယ် ဟော့ ကောင်၊ မင်း ပြန်တွေးကြည့်စမ်း။ မင်းကိုယ်မင်း ယောကျ်ားလေးတစ်ယောက်အနေနဲ့ တင်းခဲ့သလား။ လျှော့ပေးခဲ့တာချည်းပဲ။ မင်းကိုယ်မင်း နှိမ့်ချပြီးနေခဲ့တာချည်းပဲ။ အပြန်အလှန်သိတတ်တဲ့လူနဲ့ဆိုရင် အကြောင်းလားကွ။ ဦးစားပေးမှုအသင့်ထား၊ နှိမ့်ချပြီး ဝင်လာကာမှ ဖက်ကို ဖမ်းနှိမ်တာ မင်းခံရင် မင်းလူညံ့ပဲ သူငယ်ချင်း။ နှိမ့်ထားတာကို တကယ်နိမ့်တယ်အောက်မေ့ပြီး ခုလိုလုပ်တာကျတော့ သည်းမခံသင့်ဘူးကွ"

"ဟုတ်ပါတယ် မောင်ပြုံးရာ၊ ငါ မငြင်းပါဘူး"

"ဘယ်ငြင်းမလဲ၊ ငြင်းလို့လည်း ရမှမရတော့တာ"

ကျွန်တော် ရယ်ချလိုက်၏။ ပြုံးစေ့စေ့လုပ်ကာ ကျွန်တော့်ရယ်သံ ရပ်သည်အထိ စောင့်နေ၏။

"မင်းကို ဝေဖန်ချင်တာကြာပြီ။ ခုမှ အခွင့်ကြုံလို့ ဝေဖန်ရတာ။ မင်းလုပ်ပုံ တွေဟာ ယောကျ်ားချေး ဘယ်လောက်ကျတယ်မှတ်လဲ၊ ဟင်း"

"ဘယ်လောက်ကျလဲ၊ ငါးမတ်ကနေ ခြောက်ဆယ့်ငါးပြားအထိ ထိုးကျသွား လား"

တစ်ခွန်း အရွှန်းဖောက်၍ မျက်ထောင့်နီသွားသည်။

"ချီးမှပဲ၊ စကားကောင်းကို ထဖောက်တယ်။ ငါပိတ်ထိုးလိုက်ရရင်"

ကျွန်တော် မျက်နှာပိုး သတ်လိုက်ရသည်။ သူ ကျေနပ်အောင် လေပြေထိုး လိုက်ရ၏။

"ဩော် သူငယ်ချင်းရယ်၊ ပါးစပ်က အပြောင်အပြက်ပြောတဲ့လူတွေရဲ့ ရင်ထဲမှာ ကရွတ်ခွေ ဆွေးသလို ဆွေးနေကြတာချည်းပါကွာ"

"အမယ် အမယ်၊ တယ်ကောင်းတဲ့ စာပါလားကွ။ ဘယ်ဝတ္ထုထဲက ခိုးချပြီး ရွတ်ပြလိုက်တာလဲ"

ပြိုင်တူရယ်မိကြသည်။ ထိုအခိုက်အတန့်သည် စိတ်ညစ်စရာများကို လွင့်ပါး

mgyue.com

 mgyoe.com 

သွားစေသည်။ ထို့နောက် သူ့လွယ်အိတ်ထဲမှ စီးကရက်နဲ့ သစ်သားမီးခြစ်ကို ထုတ်ယူသည်။ ကျွန်တော့်ထံ လှမ်းပေးရင်း ပြောသည်။

"ဒီမှာ အားရအောင် ဆေးလိပ်သောက်ထား။ ယောကျ္ာမအိမ်ကျရင် ဆေးလိပ်သောက်ချင်ရက်ကနဲ့ မဟာဥပဒေတော်ကြီးကြောင့် ခံတွင်းအချဉ်ခံရတယ် မဟုတ်လား"

ဒေါ်မြရင်၏နောက်ပိုင်း ပညတ်ချက်တစ်ရပ်ကို သူ မမေ့။

"အေးလေကွာ၊ အရင်တုန်းကတော့ ဟုတ်လို့။ ညီမြာနဲ့ မပြေမလည်လည်းဖြစ်ရော၊ စည်းကမ်းတွေ ထွက်လာလိုက်တာ မနည်းဘူး"

"မင်းကတော့ မင်းမျှော်လင့်ချက်နဲ့ မင်းဆိုတော့ တော်သေးတာပေါ့။ မင်း ခေါ်လို့ ကန့်လန့်ကန့်လန့်နဲ့ ပါသွားရတဲ့အခါတိုင်း ဘယ်လောက် စိတ်ကျဉ်းကျပ်တယ် မှတ်လဲ၊ ငါပါ ကြားထဲက ခံတွင်းအချဉ်ခံရတယ်"

"ဒါက ထားပါတော့ကွာ။ ဆေးလိပ်ငွေ့ မခံနိုင်လို့ဆိုတာ ဟုတ်သေးရဲ့။ ငါ့ဟိုရခိုင်လုံချည် အဝါကွက်ကိစ္စကျတော့ကော။ အဘွားကြီး ဇီဇာကြောင်ပုံလေ။ အဲဒီအရောင်အသွေးကို သူ မုန်းလို့ သူ့ဆီလာရင် အဲဒီလုံချည်ဝတ်မလာပါနဲ့တဲ့။ မင်းနှယ်ကွာ၊ လူ့ကိုဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားတာပဲ။ ငါဖြင့် ခုထိ နားကိုမလည်ဘူး"

"ရှာတောင်ပိုင်းက ဘုန်းကြီးကျောင်းမှာ ဖန်ခါးသီးကို ဆားနဲ့ တို့စားတာနဲ့ မြောက်ဘက်ရှင်မ မကြိုက်ဘူးလို့ လံဘားကျောက်တံတား မဆီမဆိုင် ပြောတာမျိုးကွ။ ဟင်း၊ အဲဒီအကြောင်းတွေများ မင့်အဖေနဲ့အမေ သိသွားရင် ဘယ်လိုနေမယ်ထင်လဲ"

ယခုမှ မှတ်မိသည်။ မနေ့က အမေ့အရိပ်အကဲ။ မနေ့ညက သူ့ထံ ကျွန်တော်သွားသည်။ သူနှင့်မတွေ့။ ဈေးသို့ ထွက်သွားမည်ထင်၍ ရှာသည်။ မတွေ့။ ကနေ့မနက် သူ့အိမ်သို့ သွားသည်။ စာမေးပွဲအတွက် အထူးသင်တန်းရှိ၍ ကျောင်းစောစောသွားသည်ဟု သူ့မိခင်က ပြောသည်။ ညနေကျောင်းအလွှတ် စောင့်ရသည်။ တွေ့တွေ့ချင်းမေးဖို့ မေ့နေသည်။ ဒေါ်မြရင်၏ စာကိစ္စအကြောင်းပြောဖို့၊ ပေးဖတ်ဖို့၊ တိုင်ပင်ဖို့ စိတ်ပိုစောနေလေသည်။

"မင်း အမေ့ကို အဲဒီအကြောင်းတွေ ပြောပြမျှား ပြောပြပြီးပြီလား"

ခေါင်းခါသည်။ ထို့နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ကာမေး၏။

"မပြောပါဘူး။ ဘာဖြစ်လို့လဲ"

"တို့ပြဿနာတွေကို အမေ သိနေတယ်ထင်လို့။ အတိအကျ ငါပြောတာ မဟုတ်ပါဘူး။ မနေ့ညက အမေ နောက်ရင်းပြောင်ရင်း ပြောတဲ့စကားထဲမှာ အရိပ် အငွေ့ပါတယ်ထင်လို့။ မနေ့က မင်းနဲ့ စကားလက်ဆုံကျတယ်မဟုတ်လား။ တစ်ခွန်းတလေ ယောင်

mgyoe.com

ယက်ပြီး မင်းပြောမိသလားလို့"

"ငါ ဘယ်တော့မှ သတိမလစ်ပါဘူး မောင်မောင်သက်ရာ။ မတော်တဆ သိသွားရင် ယမ်းပုံမီးကျပဲ ကိုယ့်လူ။ ဒါ ငါသိပါတယ်။ ငါ့ကို မေးတော့ မေးတယ်"

ကျွန်တော် စိုးရိမ်စိတ်ဖြင့် လှုပ်သွားသည်။

"ဘာမေးလဲ"

"ဩော် မင်းတို့ချင်း အဆင်ပြေရဲ့လား ဘာလားပေါ့ကွာ"

"ဘာဖြစ်လို့ မေးတာပါလိမ့်"

"ဒါတော့ မောင်မောင်သက်ရာ၊ လူကြီးတွေကွ။ ငယ်ရာက ကြီးလာကြတာ။ လူကခွဲတတ်တဲ့နေရာမှာ မင်းအမေ ဘယ်လောက်တော်တယ်ဆိုတာ မင်းသိသားပဲ။ ညိုမြာတို့သားအမိ မင်းတို့အိမ် အလည်အပတ်မလာတာ ဘယ်လောက်ကြာပြီလဲ၊ မှတ်မိလား"

အဖေတို့အမေတို့ပါ သတိထားမိစေနိုင်သော အပြောင်းအလဲဟု စကာစမှပင် ကျွန်တော် ရိပ်မိသည်။ အဆင်မပြေဖြစ်ကြပြီး အတော်ကြာကြာအထိ သူတို့သားအမိ လာကြသေးသည်။ တစ်လလျှင် တစ်ခါနှစ်ခါဆိုသလို အလည်အပတ်လာကြ၊ စားကြသောက်ကြနှင့် ရှိခဲ့သည်။ ထိုမှ သိသိသာသာလမ်းဖြတ်သည်။ အဖေတို့အမေတို့ သံသယဝင်မည်စိုး၍ သံသယကို အမှီပြုကာ မလိုလားအပ်ရာတွေ ပေါက်ကွဲလာမည် စိုး၍ ကျွန်တော် အမျိုးမျိုးကြိုးပမ်းခဲ့သည်။ အိမ်အလည်လာရန် ညိုမြာကိုခေါ်သည်။ ညိုမြာသည် အိမ်သို့ ရက်ခြားလိုလိုလာနေကျ။ ကျောင်းသွားကျောင်းပြန် ဝင်နေကျ။ အဖေရှိရာ ရန်ကုန်သို့ ကျွန်တော်သွားနေစဉ်တွင်ပင် ညိုမြာ မကြာခဏလာနေကျ။ အလာကျဲ၍ ကျွန်တော်ခေါ်သောအခါ ခေါင်းခါပြသည်။ ဒေါ်မြရင် မအားလို့ဟု အကြောင်း ပြသည်။ အိမ်ကတစ်မျိုးထင်မှာစိုးရတယ်။ မာမီတို့လမ်းဖြတ်ထားတာ သိသာတယ်။ မကောင်းဘူး ထင်တယ်ဟု ပြောခဲ့သည်။ ထင်လည်းထင်ပေါ့။ မကောင်းလည်း မတတ်နိုင်ဘူး။ သူများအိမ် အလည်အပတ်သွားတယ်ဆိုတာ အချိန်နဲ့အခါ ကြည့်ရသေးတယ်။ မိန်းကလေးရှင်ဆိုတာ သတိထားရသေးတယ်ဟု ပြောသည်။ ခု ပြန်တွေးမှ သိသည်။ ခါးလိုက်သည် ဖြစ်ခြင်း။ ခါးမှန်းမသိ။

"တစ်ခါတည်း လမ်းဖြတ်တာဆိုရင် ငါးလလောက်ရှိပြီ"

"ဒါကို မင်းအဖေအမေက သတိမထားဘဲနေပါ့မလား"

"တစ်ခုရှိတယ်ကွ၊ အမေကတော့ တစ်လတစ်ခါလောက် သူတို့အိမ်ကို သွားတယ်။ တစ်ခါတလေ ငါပါ ပါသွားတယ်။ အမေတို့ပါလာရင်တော့ ဖြူးလို့၊ ဖြောင့်လို့။ အဘွားကြီးကော၊ ညိုမြာကော ငါ့ကို ဘာမှမပြောင်းလဲသလိုပဲ။ အရင်အတိုင်း။ ဒီတော့

mgyoe.com

အမေရိပ်မိချင်မှလည်း ရိပ်မိတယ်။ အလုပ်တွေ အလွန်များလွန်းလို့ စိတ်သာရောက်ပြီး လူမရောက်တဲ့အကြောင်း အလွမ်းသယ်တာချည်းပဲ"

စီးကရက်ကို မီးညှိကာ စကားဖြတ်လိုက်သည်။ မီးခြစ်နှင့် စီးကရက်ကို သူ့ထံသို့ ပြန်ကမ်းလိုက်သည်။ စီးကရက်တစ်လိပ်ထုတ်သောက်ရင်း

"အဘိုးကြီး အဘွားကြီးမျက်နှာနဲ့ မင်းကို ဟန်လုပ်ပြီး ပျူပျူငှာငှာ လုပ်တာကိုလည်း မဟုတ်မှန်းသိရက်နဲ့ပဲ မင်းက သာယာနေသေးတယ် မဟုတ်လား"

သူ့စကားသည် အရိုက်ကိုထိလေသည်။

"ဆိုပါတော့ကွာ၊ ဒါပေမဲ့ သူငယ်ချင်းရယ်။ မိုးခေါင်လွန်းတဲ့အခါကျတော့ လည်း မိုးဖွဲတစ်စက်နှစ်စက်ကိုပဲ မိုးလို့သတ်မှတ်ပြီး ကျေနပ်လိုက်ရတာ မဟုတ်ဘူး လား"

နှာခေါင်းမှ မှုတ်ထုတ်လိုက်သော မီးခိုးသည် မြေသို့ထိမတတ်ဖြစ်သွားသည်။ သူ အဘယ့်ကြောင့် သက်ပြင်းမှုတ်ထုတ်သည်ကို ကျွန်တော် မသိ။

"တကယ်ဆိုရင် မင်းဦးလေးတို့ အဒေါ်တို့ကို ဖြစ်လာတဲ့အခြေအနေကို အကုန် အစင်မဟုတ်တောင် ပြောသင့်သလောက် ပြောပြထားဖို့ကောင်းတယ်"

ကျွန်တော် ခေါင်းကို အပြန်ပြန်ခါပြလိုက်သည်။

"မဖြစ်ဘူး မောင်ပြုး၊ မဖြစ်ဘူး။ အဖေက စိတ်သိပ်ပြတ်တာ မင်းအသိပဲ။ အမေကလည်း မဟုတ်မခံ။ သိသာသိရင် သွားပြီး စာရင်းရှင်းပစ်မှာ။ အမေက သွားမေး မှာ။ ရှေ့မဆက်ချင်ရင် ဖျက်သိမ်းပစ်လိုက်လို့ သွားပြောမှာပဲ။ သူတို့ ခုလုပ်ပုံတွေ အစအဆုံး သာသိရင် စေ့စပ်တာကို ဖျက်ပစ်လိုက်မှာ သေချာတယ်"

ခပ်ကိုင်းကိုင်းကိုယ်ကို မန်ကျည်းပင်မှခွာရင်း အရှေ့ဘက်ကုန်းမြင့်တွေဆီကို ကြည့်နေသည်။

"မင်းတော်တော် ဝဋ်ကြီးတဲ့ကောင်ပဲ။ ငါသာဆိုရင် အစောကြီးက ရှင်းပစ် လိုက်ပြီ။ ကောင်းမိကောင်းရက်နဲ့ စေ့စပ်ပြီးမှ ဟိုလိုလို ဒီလိုလိုလုပ်တာဟာ ဟင်း၊ ဘယ် ရမလဲ။ မင်းမသိဘူး ငသက်၊ တစ်လောတုန်းက မင်းနဲ့ငါနဲ့ သွားတယ်။ မင်းက ထမင်းစား ခန်းထဲ ရောဝင်သောက်တုန်း အဘွားကြီးက ငါ့ကို ဘာပြောတယ်မှတ်လဲ"

ကျွန်တော် မျက်ခုံးတွန့်လိုက်မိသည်။

"ပြောစမ်းပါဦး"

နှုတ်ခမ်းတစ်ချက်မဲ့ကာ သူ ပြောသည်။

"မောင်မောင်သက်က ဒီနှစ်ဆယ်တန်းအောင်ဦးမှာလားတဲ့။ တွေ့လား ဘာအဓိပ္ပာယ်ဆိုတာ။ ပြီးတော့ ပြောလိုက်သေးတယ်။ ဘွဲ့မရရင် လောကမှာ လူတစ်လုံး

mgyoe.com
သူတစ်လုံးဖြစ်ဖို့ ခဲယဉ်းသတဲ့ဗျာရေ့ ကဲ"

အံ့အားသင့်သွားရသည်။

"ဟုတ်လား၊ မင်းက ခုမှ ငါ့ပြန်ပြောပြတယ်"

ထိုင်ရမှာထရင်း ခေါင်းကုတ်သည်။ ကျွန်တော်ပါရောပြီး ထလိုက်သည်။ စာအုပ်တွေကို ကောက်ယူစဉ် သူဖြေသည်။

"ပြန်ပြောပြချင်စိတ်တောင်မရှိလို့ ပြန်မပြောတာ။ ဘာနဲ့တူသလဲဆိုရင် အောင်ဆုပန်ထီဆိုင်ကြော်ငြာကာတွန်းလိုဖြစ်နေပြီ သိလား။ သူ့အိတ်ထဲမှာ အောင်ဆုပန်ထီလက်မှတ်ကိုမြင်ရတယ်။ စကားကို မတင်မကျပြောထားဆိုတာမျိုးပဲ၊ မင်းကို အလယ်လေ့ကားထစ်မှာ ရပ်ခိုင်းထားတာ။ အပေါ်ဆွဲတင်လည်းရတယ်။ အောက်ကို ကန်ချလည်းရအောင် အသင့်လုပ်ထားတာ ငါ့လူ"

တင်ပါးကို ဖုန်ခါရင်း မကျေနပ်သံဖြင့် ခပ်ဆတ်ဆတ်ပြောသည်။ သူ့စကားကိုပြုံး၍ နားထောင်နေလိုက်သည်။ ဟုတ်တာပါပဲဟု အတွေးရလေသည်။ ခြေလှမ်းခါစတွင်

"ဒီမယ် ဒီစာကို အောင်တင်လာပေးတုန်းက စကားနည်းနည်း အစ်ယူလိုက်တယ်။ အဒေါ်က မလှမ်းမကမ်းမှာရှိနေတော့ မေးရပြောရမလွတ်လပ်ဘူး"

"ဟုတ်လား၊ ဘာသတင်းရလဲ"

"ဒီစာကို မင်းဆီသွားပေးခိုင်းခါနီးမှာ မင်းကို အဘွားကြီး တော်တော် ဒေါသဖြစ်နေတာပဲတဲ့။ အသေးစိတ်သိချင်လို့မေးတော့ အဘွားကြီးက ညီမှာနဲ့မင်းကို သဘောမတူတော့တဲ့ စကားတွေပဲတဲ့။ ဆက်ပြီးစကားနှိုက်တော့ ဒီကောင်က မပြောတော့ဘူးကွ။ သူမျှားကြားမှာ စကားရောင်းစကားဝယ် လုပ်ရာကျမှာမို့လို့တဲ့။ ဒီကောင်က ဟိုဘက်က လူဖြစ်နေတာ။ တစ်ခါတလေ မင်းလွှတ်လို့ အဲဒီအိမ်ကို ရောက်တိုင်း ဒီကောင့်ကို တွေ့တွေ့နေတာ။ မင်းနဲ့ညီမှာ့ပြဿနာကို ဘာမှ ရေရေရာရာမသိဘဲ မင်းကို အပြစ်တင်တင်နေတာကအစ ငါမကြိုက်ဘူးကွ။ သူ့မှာ ဘာပြောပိုင်ခွင့်မှ မရှိဘူး"

ဆင်ခြေလျှောအဆင်းတွင် ကျွန်တော့်နောက်မှ ပြောရင်း လိုက်လာသည်။

"မင်းရဲ့ ဘာကိစ္စဖြစ်ဖြစ် ငါ့ကိုပဲပြောပါ၊ တိုင်ပင်ပါ မောင်မောင်သက်။ အောင်တင့်ကို ဆက်ပြီး တိုင်ပင်မိရင် မင်းသတင်းကို ဟိုဘက်ပို့တာနဲ့ အတူတူပဲမှတ်"

"အေးပါကွာ၊ ပြဿနာတက်ကာစတုန်းကတော့ ရေနစ်သူ ဆွဲမိဆွဲရာ ဆွဲသလိုဖြစ်သွားတာပါ။ အောင်တင့်ကို ပြောပြပြီး အကြံဉာဏ်လေး အကူအညီလေး ရလို ရငြားပေါ့ကွာ။ ဒါပါ"

ကျောင်း၏အရှေ့ဘက်လျှိုမှအတက်တွင် ကျွန်တော်နှင့် ဘေးချင်းယှဉ်ပြီး
mgyoe.com

mgyoe.com
လျှောက်လာသည်။ အပေါ်ကြယ်သီးနှစ်လုံးကို ပြန်ပြီးတပ်သည်။ နေရောင်ပျောက်၍ အတန်ငယ်အေးလာသည်။

"အကြံဉာဏ်ရလိုရငြား ကိုယ့်အပူဖွင့်ပြောတာ ကြည့်ပြောရတယ်။ အကြံလည်းမရ၊ အကူအညီလည်းမရတဲ့အပြင် ကိုယ့်အပူထုပ်ကို လူကြုံရာသွားပြီး ဖွင့်တတ်တဲ့ လူမျိုးလည်းရှိတယ် သေက်။ ပြောပြတာအဖတ်တင်နေတာ သက်သက်ဖြစ်နေဦးမယ်။ ဟင်း ရန်သူ့သူလျှိုကိုမှ ကိုယ်ချီတက်ရမယ့်အရပ် သွားမေးမိတာမျိုးဆိုရင် လှနေမယ်"

ကျောင်း၏တောင်ဘက်အဆောင်ကို စတင်တွေ့ရသည်။ ကုက္ကိုနှင့် တမာတွေကြားမှ အနီရောင်အုတ်နံရံနှင့် အုတ်ကြွပ်မိုးကို ကွက်ကျားမြင်လေသည်။ ခပ်ပြေပြေကုန်းမြင့်ကို ခြေလှမ်းမှန်မှန်ဖြင့် ဖြတ်ပြီးတက်ခဲ့ကြသည်။ ကျောင်းစည်းရိုးအစပ်တဖောင်းလက်ပတ်ပင်တန်းသို့ အရောက်တွင်

"ငါမေးမယ်၊ မင်း မှန်မှန်ဖြေမလား"

စီးကရက်တိုကို ရှေ့မလှမ်းမကမ်းသို့ တောက်လွှတ်လိုက်ပြီး ကျွန်တော် ခေါင်းညိတ်ပြသည်။ သူကပါ အစီခံထိ မီးကျွမ်းနေသော စီးကရက်ကို လှမ်းပစ်လိုက်၏။ စီးကရက်တိုနှစ်ခုသည် တစ်ဖနောင့်စာအကွာတွင် အခိုးအူနေ၏။

"မင်း ဘယ်သူ့ကိုချစ်လဲ"

ခြေတစ်လှမ်းအလှမ်းတွင် ဆေးလိပ်တိုနှစ်ခုကို ကျွန်တော်နင်းပြီး ဖိချေပစ်လိုက်သည်။ ထို့နောက် ဖြေလိုက်သည်။

"ဖြူ့ကို"

ခပ်တိုးတိုး ရယ်လေ၏။

"ဖြူနဲ့တွေ့သေးလား"

"တွေ့တော့တွေ့နေသားပဲ။ ခပ်တည်တည်လုပ်နေလို့ ငါ မခေါ်ဝံ့ဘူးကွ"

ရယ်သံကျယ်လာသည်။

"မင်းကို ငြိမ်းငြိမ်းကလည်း စိတ်ဆိုးနေတယ်"

"အတွင်းရေးတွေပါ မင်း ပြန်ပြောပြလိုက်တယ်ထင်တယ် ဟုတ်လား"

"မပြောပါဘူး။ ညိုမှာနဲ့စေ့စပ်ထားရက်နဲ့ ဖြူ့ကို မင်း နှိပ်စက်တယ်ဆိုပြီး စိတ်ဆိုးတာပါ"

"ဒါကြောင့်ပဲ ဖြစ်မယ်။ ငြိမ်းငြိမ်းကပါ ငါ့ကို ခပ်ရှောင်ရှောင် လုပ်နေတာကိုး"

"အတွင်းရေးတွေများ သိရင်လား။ ဖြူ့ကို ခဏဖယ်ထား၊ ငြိမ်းငြိမ်းက မင်းကို
mgyoe.com

mgyoe.com
အရင်ဆုံးလာသတ်လိမ့်မယ်"

"ဟုတ်ပါတယ်လေ၊ ငါကိုယ်ကလည်း အဟုတ်မှ မဟုတ်ခဲ့တာ။ မင်းပြောသလို ပါပဲ။ မွှန်ထွန်ပြီး ဘာတွေလျှောက်လုပ်လို့ လုပ်မိမှန်း မသိခဲ့ဘူး။ သတိရလာလို့ ကြည့်လိုက်တော့ ဆည်တော်ကန်မှာ ဖြူ မျက်ရည်စက်လက်ကျနေပြီ"

သူ ပြန်မပြော။ ကျောင်းမျက်နှာစာကို လွန်လာသည်။ မြောက်ဘက်သို့ ငေးကြည့်မိသည်။ ဖြူ့ရှိရာအရပ်သို့ အငေးလွင့်နေ၏။ စလင်းတောင်၏အစွယ်ကို မြေငွေ့မြူပြာပြာနှော၍ မြင်ရလေသည်။ စိတ်နှလုံးအေးမြခြင်းကို မရခဲ့ပြီမှာ ကြာလှချေ၏။ ကြည်နူးခြင်းဆိုသည်ကို အရပ်ပင် ရေးပြတတ်တော့မည်မထင်။

လမ်းပေါ်တွင် သစ်ရွက်ခြောက်တွေ လွင့်ပြေးလျက်ရှိလေ၏။

❑

mgyoe.com

mgyoe.com

# [ ၇ ]

တက်ကြွခြင်းသည် ကျွန်တော့်ထံမှ စွန့်ခွာသွားပြီမှာ အပြီးအပိုင်နီးပါး။ ရွှင်ပျခြင်းသည် ဝေးသောအရပ်သို့ လွင့်သွားခဲ့ချေပြီ။ ထိုင်းမှိုင်းသော ဦးနှောက်ကို ဝယ်ယူတပ်ဆင်ထားမိသလားဟု တွေးမိသည်။ စိတ်သည် အစဉ်သဖြင့် ပျံ့နေ၏။ ကျောင်းစာအုပ်ထဲတွင် ထား၍မရ။ ကျောင်းခန်းထဲတွင်လည်းမနေ။ အရပ်ရှစ်မျက်နှာသို့ ဝေ့လျက်ရှိ၏။ အညစ်ကြီးညစ်လျက်ရှိသော စိတ်ကို ဖွဲ့ထုတ်ပစ်ချင်သည်။ ထိုစိတ်သည် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို တုပ်နှောင်ထားကြောင်း သိတော့သိနေ၏။ သို့သော် ရုန်းဖြည်မရ။ နေ့လယ်မုန့်စားကျောင်းလွှတ်ချိန်တွင် ထိုင်ရာမထ ဖြစ်ခဲ့သည်။ ပြတင်းပေါက်တွင် လက်ထောက်ပြီး အဓိပ္ပာယ်မဲ့ငေးငိုင်သော အလုပ်ကို ငြီးငွေ့လာသည်။ ကိုယ်ကို လှည့်မည် အပြုတွင်

"မောင်မောင်သက်"

မျက်နှာချင်းမဆိုင်ရမီကတည်းက ငြိမ်းငြိမ်း၏အသံမှန်း သိသည်။ လေသံမာနေ၏။ အကြည့်က ထက်နေ၏။ မေးမည်ဟု နှုတ်ခမ်းပြင်လိုက်စဉ်

"အပြင်မှာ ဖြူစောင့်နေတယ်"

ချက်ချင်း လှည့်ထွက်သွားသည်။ ကြက်သေသေပြီး ရပ်ကြည့်မိသည်ဆိုခြင်းမှာ ကျွန်တော့် ယခုဖြစ်ပုံမျိုးကိုဆိုကြခြင်းဖြစ်ပေလိမ့်မည်။ အခန်းတံခါးဝကို သူ ရောက်တော့မှ ခြေရွေ့မိသည်။ စိတ်လှုပ်ရှားသွားလေသည်။ အခန်းဝသို့ ကျွန်တော်ရောက်သည်။ ထိုနေရာတွင် ခြေစုံရပ်လိုက်ရ၏။ ဖြူ့ကို ငြိမ်းငြိမ်းတစ်စုံတစ်ရာ ပြောသည်။ နှုတ်ခမ်းလှုပ်

mgyoe.com

mgyoe.com
သည်ကိုသာ မြင်ရသည်။ စကားလုံး သဲသဲကွဲကွဲ မကြားရ။ ကျွန်တော့်ကို ပြောလိုက်ကြောင်း ငြိမ်းငြိမ်းကပြောမည်။ ဘာပြောလဲ၊ ဘာတဲ့လဲ၊ ဘာလုပ်နေလဲ တစ်ခုခုကို ဖြူမေးမည်။ ကျွန်တော့်ကို မြင်မြင်ချင်း ငြိမ်းငြိမ်းကို ကွေ့ကာ လျှောက်လာသည်။ ဖြူ့ခြေလှမ်းသည် မှန်မှန်။ တည်တည်ငြိမ်ငြိမ်။ တံခါးပေါက် ခါးပန်းထိပ်တွင် ကျွန်တော် ခြေနင်းထားသည်။ တစ်တောင်အကွာသာသာတွင် သူရပ်သည်။ ကျွန်တော့်ကို တဖြည်းဖြည်း မော့ပြီး ကြည့်သည်။

ဖြူ့မျက်လုံးသည် ညို့နေ၏။ ကြည်စင်နေသော်လည်း အကြည့်သည် သည်းပွတ်ကို ကိုင်လှုပ်လိုက်ဘိသို့ရှိ၏။ ဖြူ့တွင် အငွေ့အသက်မျှသောအပြုံး မတွေ့ရ။ ဆွေးမြေ့သောဟန်ပန်ကို ဖျောက်ထားနိုင်ဟန်မရှိ။ တမင်ခက်ထန်ထားသည့် နှုတ်ခမ်းကို မြင်ရ၍ ကျွန်တော် နှုတ်ဆွံ့သွားလေသည်။

"ဖြူ့စာတွေကို ပြန်ပေးပါ ကိုသက်"

သံပြတ်။ ဖြူ့ကို အမြင်ထဲမှ ခဏပျောက်ကွယ်သွားသည်။ ဖြူ့စကားသည် ဆင်ပစ်မြွေ။ ထိုမြွေသည် ကျွန်တော့်ဦးနှောက်နှင့် အသည်းနှလုံးကို နှစ်ဖက်မျှကာ ခဲချေပြီတည့်။ လိုက်ဆူနေ၍ စကားရှာမတွေ့။ အတန်ကြာသည်အထိ ငိုင်လျက်ရှိ၏။

"ဘာ ဘာဖြစ်လို့ ပြန်ယူမှာလဲ ဖြူ"

တင်းတင်းစေ့ကာ တစ်ဖက်တွန့်လိုက်သော နှုတ်ခမ်းကို ကျွန်တော် ကြည့်နေသည်။

"ပြန်ယူချင်လို့ပေါ့"

တံခါးပေါင်ကို ကျွန်တော်မှီရင်း သက်ပြင်းချမိသည်။

"ပြန်မယူချင်ပါနဲ့ ဖြူရယ်"

ပခုံးပေါ်တွင် ဝဲကာကျနေသော ဆံပင်တွေ ဘယ်ညာလှုပ်သွား၏။ ခေါင်းခါပုံမှာ ဆတ်လှ၏။

"ဖြူနဲ့ဘာမှမဆိုင်တော့တာ၊ ဖြူ့စာတွေကို ဖြူ့လက်ထဲ ပြန်ထည့်ပေးရမှာပေါ့။ ဖြူနဲ့မဆိုင်တာကို တောင်းတာမှ မဟုတ်ဘဲ"

ကျွန်တော့်လက်ဝယ်မရှိတော့သော ထိုစာတွေကို မည်သို့ ပြန်လည် ပေးအပ်ရမည်နည်း။ ဒေါ်မြရင်ထံသို့ ညနေကျောင်းဆင်းဆင်းချင်း သွားပြီး တောင်းရမည်။ ထို့ကြောင့်

"ပြန်ပြီး မပေးချင်တာတော့ အမှန်ပါပဲ ဖြူ၊ ဒါမှ ဖြူက မပေးမနေ ပေးရမယ် ဆိုရင်တော့ ပေးပါ့မယ်။ မနက်ဖြန်ကျရင် ယူလာပါ့မယ်"
mgyoe.com

mgyoe.com

"မနက်ဖြန် ကျောင်းပိတ်တာပဲ။ ဖိန်းနွဲခါကျောင်းတက်တော့ ယူလာရင် ပြီးတာပါပဲ။ မီးရှို့တာတို့ ဆုတ်ပစ်တာတို့ မလုပ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်တော် စိတ်မလုံ။

"ဟာ မဟုတ်တာ ဖြူရယ်၊ အားလုံး ပြန်ပေးပါ့မယ်"

ဖြူသည် ထော့ပြုံး တစ်ချက်ပြုံး၏။

"အားလုံး ငါးစောင်ရှိတယ်၊ ဖြူ့ကို ပြန်ပေးပါ။ ဖိန်းနွဲခါဆို ကြာပါသေးတယ်။ ညနေကျောင်းအလွှတ်မှာ ဖြူနဲ့ငြိမ်းငြိမ်းနဲ့ ကိုသက်အိမ်ကို တစ်ခါတည်း လိုက်ခဲ့ကြမယ်"

ကျွန်တော် စကားမပြန်နိုင်မီ ငြိမ်းငြိမ်းဘက်သို့ လှည့်၍မေးသည်။

"နော် ငြိမ်းငြိမ်း၊ ညနေအားတယ်မဟုတ်လား။ အိမ်ပြန်နည်းနည်း နောက်ကျလို့ ဖြစ်တယ်မဟုတ်လား"

ငြိမ်းငြိမ်းသည် တစ်ပတ်လျှိုဆံမြိတ်ဖျား လှုပ်သွားအောင် ခေါင်းညိတ်ပြသည်။

"ရပါတယ်။ မောင်မောင်သက်အိမ်ကို ကျောင်းအလွှတ်မှာ လိုက်ယူတာပေါ့"

အသက်ရှူရ ကျပ်လာသည်။ ကုတ်တွင် ချွေးစို့လာ၏။ ကျောင်းကြီးတစ်ခုလုံးမှာ သေးလွန်းလှ၏။ မွန်းပိတ်စွာဖြင့် ရလာသည့်အကြံအတိုင်း ကွေ့ရှောင်ရန်

"ဒီညနေတော့ လိုက်မယူပါနဲ့၊ ဟို ဒီလိုလေ စာတွေကို အိမ်မှာ သိမ်းမထားဘူး၊ စိတ်ချရတဲ့သူငယ်ချင်းတစ်ယောက်ဆီမှာ သိမ်းထားတာမို့ပါ"

"ဘယ်သူ့ဆီမှာလဲ ကိုပြုံးဆီမှာလား၊ ကိုပြုံးဆီမှာဆိုရင်လည်း"

"ဟာ မဟုတ်ဘူး ငြိမ်းငြိမ်းရဲ့၊ ဒီပြင်သူငယ်ချင်းတစ်ယောက်ဆီမှာ"

"ကိုအောင်တင်ဆီမှာလား"

"မဟုတ်ပါဘူး ဖြူ ရပ်ကွက်ထဲက သူငယ်ချင်းတစ်ယောက်ဆီမှာပါ။ ဖြူ သူ့ကို မသိပါဘူး။ အိမ်က သစ်ကားမောင်းတဲ့ကိုဘိုးသာဘေးရဲ့ညီဆီမှာ အပ်ထားတာ"

ငြိမ်းငြိမ်းက မလှမ်းမကမ်းသို့ တိုးလာ၏။ ပါးစုံနှစ်ဖက်မို့သော သူ့မျက်နှာကို လန့်လာ၏။ ဖြူသည် ငြိမ်းငြိမ်းဘက်သို့ လှည့်ကြည့်သည်။ ငြိမ်းငြိမ်း၏ မျက်နှာထားသည် အထိုက်အလျောက် ပျော့ပျောင်းလာ၏။ ဖြူ့ဘေးသို့ ကပ်လျက်ရောက်မှ

"ဒါဖြင့်လည်း သူ့ဆီကိုပဲ တန်းသွားကြတာပေါ့နော် ဖြူ"

လည်မျိုကို ညှစ်လိုက်သည်ဟု ပြောလိုက်ချင်သည်။ အနီနှင့်အနက်ဆိုးသော ညဏ်တွေကို ရှာရသည်။

"ကောင်းသားပဲ"

ဖြူက ခေါင်းညိတ်လေသည်။ ငြင်းဆန်ရန် စိတ်ကူးတစ်ခုရပြန်၏။

mgyoe.com

mgyoe.com

"သူက ခုဒီမှာမရှိဘူး။ ရမည်းသင်းဘက် တက်သွားတယ်"

"စောစောတုန်းက မနက်ဖြန်ကျရင် စာတွေယူလာမယ်ဆို၊ သူက ရမည်းသင်း သွားနေတယ်တဲ့ ဖြစ်ပြန်ပြီ"

ငြိမ်းငြိမ်း ထောက်ကွက်လုပ်ပြီး ပြောသည်။ ဖြူသည် ကျွန်တော့်ကို အကဲခတ်နေ၏။

"ဟုတ်ပါတယ် ငြိမ်းငြိမ်းရဲ့၊ မနက်ဖြန် သူ ပြန်ရောက်မယ်ဆိုတာ ကျွန်တော် သိလို့ပေါ့"

ဖြူက ငြိမ်းငြိမ်း၏လက်မောင်းကို အသာကိုင်ရင်း သွားမည်ပြင်သည်။ စာသင်ခန်းထဲသို့ ကျောင်းသူကျောင်းသားတွေ အဝင်အထွက်များလာသည်။ ဝရန်တာတွင် စည်ကားလာသည်။

"ဒါဖြင့်လည်း ပြီးတာပါပဲ။ ဖြူ့စာတွေ အကုန်ပြန်ရရင် ပြီးတာပါပဲ။ ကိုသက်ဟာ ကိုသက် ဘယ်သူ့ဆီပဲ စာတွေ အပ်ထား အပ်ထား"

စကားဆုံးသည်တွင် ဖြူသည် မျက်လွှာချသည်။ သူတို့အခန်းဘက်သို့ ပြန်လှည့်သွားသည်။ ဝရန်တာဘက်သို့ကပ်၍ လျှောက်သွားသည်။ သူတို့နှစ်ယောက် စကားပြောပြီး ပြန်သွားပုံမတွေ့ရ။ အခန်းအပြင်သို့ ကျွန်တော် ခြေတစ်လှမ်းချသည်။ ဆက်၍ မလှမ်း။ ရပ်ပြီးကြည့်နေသည်။ ဖြူသည် ခေါင်းငိုက်စိုက်။ တစ်ခန်းကို လွန်သွားသည်။ နောက်တစ်ခန်းကို လွန်သွားပြီ။ တတိယမြောက်အခန်းသို့အရောက်တွင် ဖြူ့ဘက်သို့ ငြိမ်းငြိမ်းခေါင်းလှည့်သည်။ တစ်ခုခုပြောပုံရ၏။ လေးတွဲ့စွာ ခေါင်းခါလိုက်သော ဖြူ့ကို ကျွန်တော်မြင်သည်။ ထိုအခါ ထိုအမြင်သည် ရင်ထဲသို့အရောက်ဝင်ပြီး မွှေလေ ၏။ ခြေအလိုလို ရွှေ့လေသည်။ စတုတ္ထမြောက်အခန်းထဲသို့ သူတို့နှစ်ယောက် ဝင်သွားသည်ကို တွေ့သည်။ ခြေလှမ်းတုံ့သွားသည်။

အခန်းထဲသို့ ပြန်ဝင်လိုက်သည်။ အတွေးတို့သည် ကညင်ပွင့်နှယ် မရေမရာ လွင့်လျက်ရှိ၏။ အရပ်ဆယ်မျက်နှာရှိ ကြေးမုံမှန်ချပ်တွေအလယ်သို့ ကျွန်တော်ရောက်နေသည်။ အဘက်ဘက်မှ ကိုယ့်ကိုယ်ကိုယ်တွေ့၏။ မိုက်မဲခဲ့ချေ၏တကား။

❑

mgyoe.com

mgyoe.com

[ ၈ ]

အကျိုးအကြောင်းကို မထိုင်ခင်ပြောလိုက်ရသည်။ မပြော၍မဖြစ်။ ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ဒေါ်မြရင်၏ မျက်နှာထားသည် သုန်သုန်မှုန်မှုန် ဖြစ်နေ၏။ အိမ်ရှေ့ သံတံခါးဖွင့်ပေးချိန်တွင် ကျွန်တော် သတိပြုမိသည်။ လေးဆယ်အား မီးလုံး အလင်းရောင်အောက်တွင် သိသိသာသာပျက်နေသော ထိုမျက်နှာကို ထင်ရှားစွာ မြင်နိုင်သည်။ ဟင်း အချိန်မတော်ကြီးဟု တိုးတိုးညည်းရင်း တံခါးဖွင့်ပေးသည်။ ထိုအချိန်တွင် တိုင်ကပ်နာရီကို ကြည့်လိုက်သည်။ ခုနစ်နာရီမခွဲသေး။ အရင်ကဆိုလျှင် ကိုးနာရီ၊ ကိုးနာရီခွဲလောက်တွင်မှ ရောက်တတ်သည်။ ကော်ဖီ သို့မဟုတ် စားစရာ တစ်ခုခု အသင့်လုပ်ထားလေ့ရှိသည်။ ဆယ်နာရီ ဆယ်နာရီကျော်အထိ အိမ်ရှေ့ ဝရန်တာတွင် ညိုမြာနှင့် စကားပြောနေကျ။ ဒေါ်မြရင်က အိပ်ချင်လျှင် အိပ်နေသည်။ မအိပ်လျှင်လည်း သူ့ဘာသာသူ စာဖတ်နေသည်။ မနေ့ညက သားလာမယ်ထင်ပြီး ပူတင်းဖုတ်ထား သေးတယ်။ နောက်သုံးလေးရက်လောက်နေရင် ပေါင်မုန့်အုန်းနို့ဆမ်း လုပ်ထားမယ်။ အဲဒီကျရင် မောင်ပြူးကိုပါ သားခေါ်ခဲ့လေ စသည် စသည် ပြောသည်။ ဒီညနေ ရှမ်းထမင်းချဉ်လုပ်ထားမယ်။ ခုတစ်ခါတည်းကိုကိုလိုက်ခဲ့။ ညဘက်ဝရန်တာ မှာ စကားပြောရတာ မဝဘူးကိုကိုရယ်သိလား၊ ခြံထဲဆင်းပြီး စကားပြောလို့ကောင်း တုန်း ကိုကိုက ထပြန်သွားတော့ ညိုမြာ လွမ်းကျန်ရစ်ခဲ့တာပေါ့။ နောက်ဆိုရင် ည ဆယ်နာရီခွဲမှ ပြန်ရမယ်။ ကိုကို့အိမ်ကို နာရီဝက်လျှောက်ရင်ရတာပဲဟာ အစရှိသော ညိုမြာ့စကားတွေ။ ယခုသော် စကားတို့မည်သည် အနက်ရှိသော မြည်သံဖြစ်သည်မှအပ ရွှေ့လျော ပျောက်ကွယ်လွယ်ရာပါတကားဟု သိသည်။

mgyoe.com

"အရင်တောင်းခိုင်းလို့ ပေးလိုက်တာပဲ လေးငါးရက်ရှိပြီပဲ"

ကျွန်တော် မျက်လုံးပြူးသွား၏။ ခေါင်းခါပြကာ

"မဟုတ်တာ မာမီကလည်း။ ဘယ်တုန်းကမှ ကျွန်တော် မတောင်းခိုင်းတာ"

"အောင်တင့်ကို သားမှာလို့ မာမီ၊ ဩော် ဟုတ်တယ် ဟုတ်တယ်။ မာမီရော သွားတယ်။ သားက တောင်းတာလည်း မဟုတ်ဘူး။ မာမီကလည်း မပေးဘူး။ တခြား တစ်ယောက်ရဲ့စာချုပ်စာတမ်းတွေကို အောင်တင့်နဲ့ အပေးလွှတ်လိုက်တာ။ ကျောင်းက ဆရာတစ်ယောက်ကိစ္စနဲ့ ရောထွေးသွားတာ။ ဖြူ့စာတွေအကြောင်း သားကို ပြောမလို့ ဟာ မေ့နေတယ်။ အံဆွဲထဲ ထည့်ထားတာ ကြွက်ကိုက်ကုန်လို့ မာမီ လွှင့်ပစ်လိုက်ပြီ။ ဘာလုပ်ဖို့လဲ သား"

ဖြေချင်စိတ်မရှိတော့။ လမ်းစပျောက်ဖြစ်သွားသော ထိုစာကိစ္စနှင့် ပတ်သက်၍ ဖြူ့ကို ကျွန်တော် မည်သို့ပြောရပါမည်နည်း။

"တစ်စောင်တလေတောင် မကျန်တော့ဘူးလား မာမီရယ်"

ခေါင်းခါပြ၏။

"ကိုက်ထားတာမှ မွမွကြေနေတာ။ လုံခြုံအောင် အဲဒီအံဆွဲထဲ ထည့်ထားတာ။ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ ပြန်အပိတ်မှ အံမကျဘဲ ဟနေတာနဲ့ ဝင်ကိုက်သွားတာ။ ပြောပါဦး။ ဒီစာတွေနဲ့ ပတ်သက်လို့"

အမှတ်တမဲ့ဖြစ်၍လား၊ ထူပူနေ၍လား မသိ။ လွှတ်ခနဲ ဖြေလိုက်သည်။

"ဖြူ ပြန်တောင်းလို့"

ဒေါ်မြရင် အံ့အားသင့်သွားသည်။

"သားတို့ ဘာဖြစ်ကြလဲ"

အဖုံးအဖိ လိုအပ်ကြောင်း သတိရသည်။

"ဘာမှမဖြစ်ပါဘူး။ သူက ပြန်လိုချင်တယ်ဆိုလို့ ပြန်ပေးလိုက်မလို့"

ကြိမ်ကုလားထိုင်တွင် ထိုင်နေသော သူ့ခန္ဓာကိုယ်သည် သက်မဲ့သကဲ့သို့ ငြိမ်နေ၏။

"ပြန်မပေးနိုင်ဘူးလို့ သားပြောလိုက်ပေါ့"

အရေးမကြီးလေဟန်ဖြင့် စကားကြောင်းသည်။

"သူ့ဟာတွေ သူပြန်တောင်းတာ ကျွန်တော် ပေးရမယ် မာမီ"

တစ်ခုခုကို လေးလေးနက်နက်တွေးနေပုံရသည်။ ထိုအခိုက်တွင် ပျဉ်တစ်ချပ်သာ ခြားသော ထမင်းစားခန်းဆီမှ ညီမာ့ချောင်းဟန့်သံကို ကြားရ၏။

mgyoe.com

mgyoe.com


"ဖြူဖြူကျော်နဲ့ အဆင်မပြေဖြစ်နေလို့လား၊ ဖြစ်နေရင်လည်း မာမီ့ဆီကို ခေါ်လာပါလား။ ပြေလည်အောင် ရှင်းပြချင်တယ်"

ကျွန်တော် ခေါင်းခါသည်။ တစ်ကွက်ပြီးတစ်ကွက် အမှားတွေ ဖြစ်လာမည်စိုးသည်။

"အဆင်ပြေပါတယ်။ သူ့စာတွေ သူ့ဆီမှာ ယူထားချင်လို့လည်း ဖြစ်ချင် ဖြစ်မယ်"

"စာတွေက ရှိမှမရှိတော့တာ"

"ဒုက္ခပဲ မာမီ၊ အဲဒါမှ တကယ့်ဒုက္ခ"

"မာမီ တတ်မှမတတ်နိုင်တော့တာ သားရယ်"

"ကျွန်တော် ကတိပေးပြီးပြီ။ တနင်္လာနေ့ကျရင် ပြန်ပေးပါ့မယ်လို့"

"တစ်ခုခု အကြောင်းပြန်လိုက်ပေါ့ကွယ်"

"ကျွန်တော့်ဆီမှာ သေသေချာချာ သိမ်းထားပါတယ်လို့ ပြောထားပြီးသား"

သူ ခေါင်းကုတ်သည်။ အမှတ်တကယ် စိတ်ညစ်ခြင်း မဟုတ်ဟု ထင်၏။

"အဲဒီစာတွေ သား လာပေးတုန်းက မှန်တင်ခုံပေါ် မာမီ သုံးလေးရက်ပဲ တင်ထားတာ။ ညီမြမာမြင်အောင် လုပ်ထားတာ။ သူ ယူဖတ်ထားတဲ့ လက္ခဏာလည်း တွေ့ပြီးရော အဲဒီအံဆွဲထဲ တစ်ခါတည်း ထည့်သိမ်းထားတာပဲကွ။ ကြည့်ဖို့လည်း မေ့သွားတယ်လေ"

စကားအစတွင် အခန်းဝသို့ကြည့်သည်။ လေသံကို နှိမ့်ပစ်လိုက်သည်။ ညီမြမာကြားမည်စိုးသည့်သဘော။ သူဆင်ထားသည့်အကွက်ကို ညီမြမာ မသိသေး။ မသိစေလိုဟန်။ သို့တစေ ကျွန်တော် စိတ်မဝင်စား။ လိုက်လံသက်ဝင်ခြင်းလည်း မရှိ။ ကြွက်စားသွားပြီဖြစ်သောစာတွေကိုသာ မြင်ယောင်နေသည်။

"ကျွန်တော် ပြန်မယူမိတာကိုက မှားတာပါ"

အနှောင့်အသွားလွတ်၏ မလွတ်၏ မစဉ်းစားနိုင်။ ပြောချင်သည့်အတိုင်း ပြောမိလေသည်။ မျက်နှာပျက်သွားသလား ဂရုမပြုမိလိုက်။

"အစားပြန်ရေးပေးလို့ ဖြစ်နိုင်တာမှ မဟုတ်တာ။ ဘယ်လာ တတ်နိုင်ပါတော့မလဲ"

ရေပိုက်စပါး။ ကျွန်တော် မကြံတတ်တော့။ လမ်းထိပ်အုတ်ခုံတွင် ထိုင်စောင့်နေသော မောင်ပြုံးကို ပြေးပြီးမြင်သည်။

"အင်း သားမှာလည်း အတော့်ကို ဗျာများနေရပါကလား"

နုညက်သော်လည်း အခံရခက်သွား၏။ လှောင်သံ သရော်သံဟု ခံစားရ၏။

"ကျွန်တော် ပြန်မယ်"

mgyoe.com

ကိုယ်အကြွတွင် ပြုံး၍ကြည့်သည်။ ထိုအကြည့်ကို ကျွန်တော် ရန့်မကင်း။

"လောလိုက်တာ၊ ခုပဲရောက် ခုပဲပြန်"

နေမထိထိုင်မသာဖြစ်ခါမှ ရှေးအခါက အပြောအဆိုကို တမင်ပြောလေသည်။ ဆာလောင်သည်ဆိုစဉ်က မကျွေးခဲ့။ ဝမ်းဝပါသည်ဆိုသော် စားဖွယ်ပြင်၏။ လာသည့်အခိုက်နှင့်ကြည့်ကြည့်သည်။ ပြန်မည့်အခါ ဆွဲတားမယောင်။ မည်သို့မျှ ပြန်လည်မပြောပဲ နေလိုက်၏။

"စာမေးပွဲက ဘာမှလိုတော့တာ မဟုတ်ဘူး။ စာမေးပွဲအောင်မှ ဘာလုပ်လုပ် တင့်တယ်မှာ။ မိဘအရိပ်အာဝါသမှာချည်း တစ်သက်လုံး ခိုလှုံနေလို့မဖြစ်ဘူး။ အချိန်ရှိခိုက် လုံ့လစိုက်သားရေ။ ခေါင်းထဲမှာ မြဲမြဲမှတ်ထားဖို့က တက္ကသိုလ်ရောက်ဖို့။ ဘွဲ့ရဖို့။ တခြားဟာတွေက အပယိကချည်းပဲ"

လှေကားထစ်သို့အနင်းတွင် ပြောသည်။ မကောင်းတတ်လွန်း၍ စကားဆုံးအောင် ဖြည်းဖြည်းနင်းပြီး ဆင်းရသည်။ သူ့စကားတွင် မကောင်းမပါ။ အကောင်းတွေ။ ဆုံးမစကားသည် မနာခံချင်ဖွယ်မရှိ။ ထိုစကားကို ပြောသည့်အချိန်ကို သံသယမရှိလိုက မရှိဘဲနေနိုင်သည်။ တစ်စုံတစ်ရာ ရည်စူးချက်မရှိလျက်နှင့် ပြောသည်ဆိုက နာခံသာ၏။ ကြွက်စားသွားသောစာနှင့် ပတ်သက်၍ ကျွန်တော့်အာရုံကို ထိုစကားဖြင့် ဖြတ်တောက်ပစ်ခြင်းဟု သဘောရ၏။ ထိုစာများထက် အရေးကြီးသောအကြောင်း တစ်ခုကို ရုတ်ခြည်း ဆွဲငင်ယူပြီး လမ်းလွှဲခြင်းဟု နားလည်သည်။

ဒေါသကြောင့် ခြေလှမ်းများမယောင် ဖြစ်သွားသည်။

* * *

အံကြိတ်ထားသဖြင့် ကျွန်တော့်နှုတ်ခမ်းသည် တင်းစေ့လျက် ရှိ၏။

"အဘွားကြီးစကားကို ငါနည်းနည်းလေးမှ မယုံဘူး"

မောင်ပြုံးသည် အုတ်ခုံပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသည်။ အထိုင်မဖျက်သေးသော်လည်း စောစောကလို ဟန်ပန်မျိုးမရှိတော့။ သူ့မျက်လုံးသည် မြေနီလမ်းကို ကြည့်နေသည်ဟု ထင်ရ၏။ တစ်စုံတစ်ရာကို တွေးတောနေခြင်းသာ ဖြစ်ပေမည်။

"ဒီစာတွေအားလုံး သူ့လက်ထဲမှာ ရှိနေတာ သေချာပါတယ်"

ဖြစ်နိုင်သည်ဟု ကျွန်တော်သဘောတူသည်။

"ဒီစာတွေကို သူ့လက်ထဲမှာရှိနေသမျှ ကာလပတ်လုံး မင်းကို ကြိုက်သလို ကြိုးကိုင်နိုင်မယ်လို့ တွက်ထားတယ်နဲ့ တူပါတယ်"

mgyoe.com

mgyoe.com

ကျွန်တော် ထိုအချက်ကိုမမြင်။

"ဘယ်လိုကြုံးကိုင်မှာလဲ"

"အဘွားကြီးရေးတဲ့ စာထဲမှာ မင်းကို မလှုပ်သာအောင် ချည်နှောင်ထားတာ သိတယ်မဟုတ်လား"

"အင်း"

"ဘာပဲပြောပြော သူငယ်ချင်း။ မင်းမှာ စေ့စပ်ထားပြီးသား ရှိရက်ကနဲ့ တခြား မိန်းကလေးတွေ ဘာတွေထားတာ မင်းလွန်နေပြီ မဟုတ်လား။ လမ်းခွဲမယ်ဆိုလည်း သူတို့ဘက်က အလွန်မရှိတော့ဘူး။ အပြစ်တင်စရာက မင်းကိုပဲဖြစ်နေပြီလေ"

နှောင်ခါလာ နှောင်ခါဈေးသဘောထားလျှင် ဖြစ်သေးသည်။ တနင်္လာနေ့ကျလျှင် ဖြူနှင့် မည်သို့ရင်ဆိုင်ရမည်က လက်ငင်းပြဿနာ။

"ဖြူ့ကို ငါဘယ်လိုပြောရင်ကောင်းမလဲ"

ကျွန်တော့်ကို မော့ကြည့်လေသည်။ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း တွေ၍ နေသည်။

"မင်းလိမ့်ခဲ့တဲ့အတိုင်း ဆက်လိမ့်ထားဦး။ ရမည်းသင်းက ပြန်မလာသေးလို့ပါလို့ ဖြီးထားကွာ။ မဟုတ်လား၊ ဒါပဲရှိတယ်လေ"

သူပြောသည့်အတိုင်းသာ ပြောရပေလိမ့်မည်။ သို့သော်

"တစ်ရက်ကနေ နှစ်ရက်၊ တစ်ပတ်ကနေ နှစ်ပတ်ကြာလာရင် ဘယ့်နှယ်လုပ်မလဲ"

အဆီပြန်နေသောမျက်နှာကို လက်ဝါးဖြင့် ပွတ်သတ်လိုက်ပြီး ပြောသည်။

"အဲဒီတော့လည်း အဲဒီသူငယ်ချင်းက အထားအသိုမဟုတ်လို့ ကြွက်ကိုက်ကုန် လို့ ဘာဖြစ်လို့ဆိုပြီး ပြောကွာ"

ကျွန်တော်စိတ်ကူးရလေသည်။

"ဒါဖြင့် အခုပြောတဲ့ဟာကိုပဲ တစ်ခါတည်း ပြောလိုက်ရရင်မကောင်းဘူးလား"

အတန်ကြာငိုင်ပြီးမှ ခေါင်းညိတ်ကာ

"အေးကွာ၊ အဲဒါပဲ ပြောတာကောင်းပါတယ်"

အုတ်ခုံပေါ်မှ ဆင်းရင်းသက်ပြင်းချသည်။

"ငါ့ကို တော်တော် ဒေါကန်မှာတော့ အမှန်ပဲ မောင်ပြုး"

"ဒါတော့ သူ့နေရာကနေဝင်ပြီး စဉ်းစားကြည့်ရင်း မှန်းလို့ရပါတယ်"

လေတိုက်ရာ ဖုန်တွေပါလာသကဲ့သို့ပင်။

mgyoe.com

mgyoe.com

"မင်း ပြောလိုက်တော့မှပဲ ပိုပြီး စိတ်လေးလာရတော့တယ်"

"မင်းကို တော်တော်ပါးရည်နားရည်ရှိမယ်လို့ ငါအထင်ကြီးထားတာ သေက်။ မင်းက ထုံလွန်းတယ်"

ကျွန်တော့်ပုခုံးပေါ်တွင်လက်တင်ပြီး လျှောက်လာသည်။

"မာမီ ဒေါ်မြရင်ကို ငါယုံလွန်းတာလည်း ပါပါတယ်"

"ဘာလို့ ဒီလောက်ယုံရတာလဲကွ"

"ငါ့အပေါ် မကောင်းတာမလုပ်ဘူးလို့ ငါ အမှန်ပဲတွက်ထားတယ်ကွာ။ ငါ့ကို ဘက်စုံတော်စေချင်တယ်လို့ ပြောတယ်။ တိုက်လည်း တိုက်တွန်းတယ်။ အားလည်း အားပေးတယ်။ ဘွဲ့တွေလည်း အများကြီးရစေချင်တယ်တဲ့။ ငါကောင်းစားတာကို မြင်ချင်တယ်တဲ့။ မေတ္တာစေတနာထားတာ ငါအသိပဲတဲ့။ ဒီတော့ ငါယုံတယ်လေ"

ဓာတ်မီးတိုင်အောက်သို့ ရောက်လာသည်။ မှေးမှိန်မှိန်အလင်းအောက်မှ မြေနီလမ်းဆုံးကို သူငေးကြည့်ရင်း ရယ်သည်။ တင်ထားသော လက်ဝါးဖြင့် ပခုံးကို ဖြည်းဖြည်းပုတ်သည်။

"ဒီစကားမျိုးပြောတဲ့ လူတိုင်းကိုသာ ယုံလို့ အဲသလိုခံရမယ်ဆိုရင် မင်းရှေ့ လျှောက် လူလုပ်ဖို့ ခက်ဦးမယ်"

ကျွန်တော့်ထက် လပိုင်းလောက်သာကြီးသော မောင်ပြုံးက တကယ့်လူကြီး သဖွယ်ပြောသည်။ သူ့စကားကို ပေါ့ပေါ့တန်တန် သဘောထား၍မဖြစ်။ ကျွန်တော် ပြန်မပြောတတ်။

"ဒုက္ခပေးမယ့်လူဟာ ဒုက္ခပေးတော့မယ်ဟေ့လို့ ကြေညာဖြစ်လာတယ်လို့ မင်းကြားဖူးလား"

သူ့စကားက ဟုတ်နေသည်။

"တစ်ခါမျှ မတွေ့မမြင် မသိဖူးတဲ့လူတစ်ယောက်က မင်းကို တွေ့တွေ့ချင်း အမြင်ကတ်တယ်၊ မုန်းတယ်လို့ပြောမလား။ ဘယ်ပြောမလဲ။ သိပြီ ခင်ပြီ ရင်းပြီဆိုတဲ့ နောက် မုန်းစရာဖြစ်ချင်ဖြစ်လာမယ်။ နာကြည်းစရာ ဖြစ်ချင်ဖြစ်လာမယ်။ အဆင် မသင့်ရင် ရန်သူတောင် ဖြစ်လာဦးမယ်"

"ငါကတော့ ဘယ်သူ့ကိုမှ ရန်သူလို သဘောမထားဘူး မောင်ပြုံး"

ဟတ်ဟတ် ဟားဟားရယ်ရင်း ကျွန်တော့်ပခုံးကို ကိုင်လှုပ်သည်။

"မင်းကို သဘောထားလာရင်ကောကွာ"

"အိုး ငါကမှ ရန်သူလို သဘောမထားရင် ဘယ်သူက ငါ့ကို ရန်သူလိုလာပြီး

mgyoe.com

mgyoe.com
သဘောထားမလဲကွ။ မင်းဟာကလည်း"

"ဩော် မောင်မောင်သက်ရယ်၊ မင်းတွက်ကိန်းတွေက နို့နံ့ ကောင်းကောင်း မစင်သေးပါလား"

ပြောပုံကို သဘောကျသောကြောင့် ကျွန်တော်ပြုံးသည်။ ပြီးမှ မေးလိုက်၏။

"ကိုယ်က သူ့ကိုမေတ္တာမပျက်ရင် သူက ကိုယ့်ကို ဘယ်လာမေတ္တာ ပျက်မလဲ။ သူများကို အသားလွတ်မေတ္တာပျက်တဲ့ လူရှိမလား မောင်ပြုံးရာ။ ကိုယ့်ထမင်း ကိုယ်စားပြီး သူများကို မေတ္တာလျှော့ပျက်တဲ့ လူရယ်လို့ ရှိမလား"

ရယ်သံသည် ပို၍ကျယ်လောင်လာ၏။ ကျွန်တော့်ပခုံးပေါ်မှ လက်ကိုရုပ်လိုက်သည်။

"ကမ္ဘာပေါ်မှာ အဲသလိုဟာမျိုးတွေ သတ်လို့တောင် မကုန်နိုင်ဘူးမှတ်"

"ဘာ"

"ကိုယ့်ထမင်း ကိုယ်စားပြီး သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်း လျှောက်လုပ်တဲ့လူဆိုတာ ခဏဖယ်ထား။ သူများထမင်းစားပြီး ထမင်းရှင်ကို ပျက်စီးအောင် လုပ်တဲ့လူတွေမှ အနမတဂ္ဂ။ ဒီကမ္ဘာကြီးပေါ်မှာ ဘုရားလောင်းတွေချည်း စုနေကြတာ မဟုတ်ဘူး သေက်။ လူတွေကို ပုံသေမှတ်ရင် မှတ်တဲ့ကောင် ခံရမှာပဲ"

သူ့ဘဝသည် ကျွန်တော့်ထက် အတွေ့အကြုံများသည်။

မိဘနှစ်ပါးစလုံးရှိပါလျက် အမေနှင့်အဖေကို နောက်အိမ်ထောင်နှင့် တွေ့ရသည်။ မိထွေး၊ ပထွေး၏ဒဏ်ကို ကလေးဘဝမှစ၍ ခံခဲ့ရသည်။ ကျောင်းနေရသည့်တိုင် သူများတွေလိုမနေခဲ့ရ။ ကျောင်းစရိတ်အပြင် ကိုယ့်တစ်ဝမ်းတစ်ခါးနှင့် အိမ်စရိတ် အနည်းအကျဉ်း ရှာဖွေပေးရသည်။ နှစ်တန်းသုံးတန်းအရွယ်မှ ယခုအထိ အလုပ်မျိုးစုံ လုပ်ခဲ့ဖူးသည်။ လူပေါင်းစုံနှင့် ဆက်ဆံခဲ့သည်။ သတင်းစာပို့သမား၊ နွားနို့ပို့သမား၊ ဈေးသည်၊ အထမ်းသမား၊ ညစောင့်၊ သစ်တောအလုပ်ကြမ်းသမား။ ထင်းခွဲရေခပ် အလုပ်ကိုလည်း မရှောင်ခဲ့။ ရှစ်တန်းသို့ ရောက်သည့်နှစ်ကျမှ ဖခင်၏ အစ်ကိုက ခေါ် ထားသည်။ သားထောက်သမီးခံ မရှိသောကြောင့်တစ်ကြောင်း၊ သူ၏လိမ္မာပါးနပ်မှု အလိုက်သိမှုတို့ကြောင့် တစ်ကြောင်း အမွေစားအမွေခံ မွေးစားခဲ့သည်။ ဘဝစုံသော ကြောင့် ဖြစ်မည်။ ကျွန်တော်မမြင်နိုင်သည်တို့ကို သူမြင်သည်။

"အောင်တင် ပြောတဲ့စကား မင်းမှတ်မိလား"

ခွဲမရ၍ မေးသည်။

"ဘယ်စကားလဲ"

mgyoe.com

"မင်းနဲ့ညိုမြာ စေ့စပ်ခါနီးမှာ ပြောတဲ့စကားလေ။ အဘွားကြီးက မင်းကို ပြန်ပြောတဲ့စကားလေ"

ကျွန်တော်မှတ်မိသည်။ နှစ်ဖက်မိဘ စကားကမ်းလှမ်းပြီး နေ့ကောင်းရက်သာ ရွေးရန် စီစဉ်နေစဉ်ဖြစ်၏။ ဒေါ်မြရင်ကို အောင်တင်က သွားတွေ့သည်။ ထိုအချိန်က အောင်တင်သည် ဒေါ်မြရင်တို့အိမ်သို့ ကျွန်တော်နှင့်အတူ သုံးလေးခေါက်သာ ရောက်ဖူးသေးသည်။ ကျွန်တော်ခေါ်သွားပြီးမှ ထိုအိမ်သို့ အဝင်အထွက် ဖြစ်လာရသူ။ မောင်ပြုံးကဲ့သို့ သူငယ်တန်းမှစကာ ကျွမ်းဝင်သော သူငယ်ချင်းတော့ မဟုတ်။ ရှစ်တန်း ရောက်မှ ကျွန်တော်တို့မြို့သို့ ပြောင်းလာသူ။ တစ်ခန်းထဲ ခုံချင်း ကပ်လျက် ရောက်လာသူ။ သည်မြို့၊ သည်ကျောင်းတွင် ကျွန်တော်သည် အောင်တင်၏ ပထမဆုံးသော သူငယ်ချင်း။ သူနှင့် မောင်ပြုံးကို အတူတူထားကာ ကျွန်တော်ခင်သည်။ မောင်ပြုံးကိုမူ မှန်တန်း။ ဒီကောင်က မြုံစေ့စေ့နဲ့။ စိတ်မတွေ့ဘူးဟု မောင်ပြုံးပြော သည်။

'ညိုမြာကို မောင်မောင်သက်နဲ့ စေ့စပ်ထားတော့မလားဆရာမ' ကျွန်တော် ပြန်လည်ကြားရသော အောင်တင့်စကားသည် ထိုမေးခွန်းဖြင့် စသည်။ ထိုနောက် 'ဒီအချိန်အခါဟာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး စိတ်ဓာတ်နဲ့နေရဦးမယ့် အရွယ်ပဲ။ ကျွန်တော့်သဘောကတော့ သိပ်များ စောနေသလားလို့ပါ။ မြန်လွန်းနေတယ်လို့ ထင်တယ်လေ။ မောင်မောင်သက်ဟာ ဆရာမရဲ့လက်ထဲမှာ ကြီးပြင်းလာရတယ် ဆိုပေမဲ့ စိတ်နေစိတ်ထားကို ထပ်ပြီးလေ့လာသင့်တယ် ထင်ပါတယ်။ ငယ်စိတ်တစ်မျိုး ကြီးစိတ်တစ်မျိုး ဖြစ်တတ်တယ်မဟုတ်လား။ ဒီကိစ္စမျိုးဆိုတာ ကျွန်တော်တို့ သူစိမ်းတွေ။ ဝင်ပြောလို့လည်း ကောင်းတာမဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်ဆရာမလို သဘောထား ပြီး၊ ညိုမြာ့ကိုလည်း နှမအရင်းလို သဘောထားပြီး ပြောတာပါ' ဟု ပြောခဲ့သည်။ ထိုစကားတွေကို ဒေါ်မြရင်က ပြန်ပြောချိန်တွင် အတော်အတန် စိတ်မကောင်းဖြစ်ခဲ့ခြင်းထက် မပို။

မာမီ့ကိုများ မင်းသူငယ်ချင်းက ဆရာလာလုပ်သေးတယ်ကွယ်ဟု ဒေါ်မြရင်က မကျေမနပ်သံစွက်၍ ပြောသည်။ ညိုမြာက ကိုကို့ သူငယ်ချင်းက ကိုယ့်ကိစ္စ မဟုတ်ဘဲ ဘာလုပ်ဝင်ရှုပ်တာလဲဟု ဒေါသဖြင့် ပြောသည်။ တစ်ခန်းထဲ တစ်နှစ်သာ အတူနေခဲ့ရပြီး၊ နောက်တစ်နှစ်တွင် အနောက်ဘက် အိုးစုရပ်မှ အရှေ့ဘက် မရမ်းမြို့သို့ ပြောင်းသွားသော ကြောင့် အမှတ်နှစ်ကျောင်းသို့ အောင်တင် ရွှေ့နေသည်။ ကျောင်းသွားကျောင်းပြန် အတူတူဖြစ်မှ ပြောင်းလဲသွား၍ ထိုသို့ ပြောလေသလားဟု တွေးသည်။ နေ့စဉ် တပူးတွဲတွဲ မဟုတ်တော့သော်လည်း၊ ရက်ခြားလိုလို အိမ်မှာဆုံနေကျ။ ကျွန်တော့် အိမ်သည် သူ့အတွက် စားအိမ်သောက်အိမ်။ ဒေါ်မြရင်ကို အဘယ့်ကြောင့် ထိုသို့ ပြောသည်တွေးမရ။

mgpoe.com

mgyoe.com

ထို့ကြောင့် မေ့ဖျောက်ပစ်လိုက်၏။

မောင်ပြုံးက ဘာအဓိပ္ပာယ်နဲ့ ဒီစကားပြောရတာလဲဟု အောင်တင်ကို မေးမည်ပြုသည်။ ကျွန်တော်တားခဲ့သည်။ ကျွန်တော့် သဘောကို ပြောပြလိုက်သည်။ စိုသောလက်ကို မခြောက်စေလို။ အောင်တင်သည် မြဲစေ့စေ့နေသည်။ စကားပြောခဲ သည်။ ပြောလျှင် ဘယ်စကား ဘာအဓိပ္ပာယ် ရောက်သည်ကို ရေရေလည်လည် သိသူ မဟုတ်ဟု ကျွန်တော်ထင်သည်။ တော်ရုံတန်ရုံကိစ္စကို အလွန့်အလွန် အရေးကြီး လေဟာန် စကားအစာချဲ့ပြီး ပြောတတ်သော ဝသီရှိသူဟု ယူဆသည်။ စိတ်ရင်း မဆိုးပါဟု မောင်ပြုံးကိုပြောကာ နှစ်သိမ့်ခဲ့သည်။ မင်္ဂလာကိစ္စ ဆောင်ရွက်ချိန်တွင် ထိုစကားကို ကြားရ၍ နှလုံးမသာမယာ အခိုက်အတန့် ဖြစ်သွားသည်။

"အဲဒီတုန်းက ဒီကောင် ဘာရည်ရွယ်ချက်နဲ့ ပြောလဲ ငါစဉ်းစားမရဘူး"

ဝတ်ကျောင်းလမ်း ကတ္တရာအခင်းပေါ်သို့ အနင်းတွင်

"အဲဒီကတည်းက ဒီကောင် မင်းတို့အိမ် အလာကျဲသွားတာ မဟုတ်လား သေက်"

ခေါင်းညိတ်ပြလိုက်သည်။ သူက ဆက်ပြော၏။

"ခုတော့လည်း အောင်တင်မှအောင်တင်၊ ဒေါ်မြရင်တို့ဖြစ်နေလိုက်တာ။ တကယ့်လက်စွဲတော်။ မင်းကောင်မလေးကအစ"

ကျွန်တော် တွေးမရသော အချက်တစ်ခုကို ပြောရင်း မေးသည်။

"သူတို့မနှစ်မသက် ဖြစ်ဖူးတဲ့လူကို ခုတစ်ခါပြန်ပြီး လိုလိုလားလား ဖြစ်နေတာ ငါနားမလည်ဘူး မောင်ပြုံးရ။ ဘာသဘောလဲ"

"ဟ ဘာသဘော ဖြစ်ရမှာလဲ၊ မင်းဆန့်ကျင်ရေးအတွက် မင်းဘက်သား ဖြစ်နေတဲ့ကောင်ကိုဖဲ့ပြီး စည်းရုံးနေတာပဲကွ။ အရှင်းကြီးပါ"

အစိုးရိမ်လွန်နေသည်ဟု ကျွန်တော် ထင်သည်။ ထို့ကြောင့် –

"ငါ့ဆန့်ကျင်လို့ အောင်တင်မှာ ဘာအကျိုးထူးမလဲကွ။ အောင်တင့်မှာလည်း ရည်စားနဲ့ဟာ။ ကုန်ကုန်ပြောမယ်။ ငါ့ကို ဆန့်ကျင်လို့ အဘွားကြီးက သိပ်သဘောကျပြီး သူ့သမီးနဲ့ ပေးစားမတဲ့လား။ မင်း"

"မောင်မောင်သက်ရာ၊ မင်းတော်တော်ခက်တဲ့အကောင်ပဲ။ မင်းကိုအစွမ်း ကုန်ဆန့်ကျင်တဲ့အတွက် ဒေါ်မြရင်ဆီက ခြူးတစ်ပြားဖြစ်ဖြစ်၊ ထမင်းတစ်လုတ် ဖြစ်ဖြစ်၊ သူ့သမီးဖြစ်ဖြစ် ဘာမရ မရ ဆန့်ကျင်တဲ့လူက ဆန့်ကျင်မှာပဲ။ အဲဒါ မြဲမြဲ မှတ်ထား"

"အေးပါကွာ၊ ငါသတိအလစ်မခံပါဘူး"

မီးရောင်နှင့်တစ်ဖက်ရှိ တမာပင်တန်းဘက်သို့ ကူးလိုက်သည်။

mgyoe.com

mgyoe.com

"ဘယ်သူဘယ်ဝါရယ်လို့ နာမည်တပ်ပြီး ငါမပြောချင်ဘူး။ တချို့ဟာ တော်တော် အံ့ဩစရာကောင်းတာ။ မျက်နှာကောင်းရဖို့ဟာလေး တစ်ချက်တည်းနဲ့ စားခုတ်ရာကို ဇွတ်လက်ဝင် လျှိုတာမျိုးလည်း ရှိတယ်။ ရှုးတိုက်မပေးခင် ဝင်ကိုက်တာမျိုးလည်း မရှားဘူး။ ဆိုပါတော့ကွာ၊ မင်းနဲ့ ငါနဲ့ မသင့်မြတ်ဘူးကြားရင် လာပြီ။ ငါ့ဆီက အခွင့်အရေးလိုချင်ရင် ငါ့ကိုကပ်မယ်၊ မင်းကိုရန်လုပ်ပြမယ်။ ဒါမှ ငါကျေနပ်ပြီး အခွင့်အရေးပေးမှာကိုး။ အဲလိုဟာမျိုးက တကယ်စစ်မှန်တဲ့ ဘက်တော်သား မဟုတ်ဘူး။ နောက်တစ်ယောက်ဆီမှာ ငါ့ဆီကထက်အခွင့်အရေးရမှာ မြင်ရင် ငါ့ကို ရန်လုပ်မှာပဲ။ ဘာဖြစ်လို့ဆို ငါ့မှာ မင်းအပြင် တခြားရန်သူဆိုတာ ငါမသိမှသာ နေရော။ ရှိချင်ရှိနေတာ မျိုးကိုးကွ"

ရှုပ်ထွေးပွေလီသော အကြောင်းတွေကို နားလည်လာရသည်။

"စာသင်ခန်းထဲက အသိနဲ့ချည်း လူလုပ်လို့မရဘူး သူငယ်ချင်း။ အပြင် လောကမှာ ဘဝနဲ့ ပတ်သက်တဲ့ ပညာတွေသင်ယူလို့ မကုန်နိုင်အောင် ရှိတယ်။ ခုပဲ ကြည့်လေ၊ ဒေါ်မြရင်သင်ပေးတဲ့ သင်္ချာထက် ရှုပ်တဲ့ခက်တဲ့ သင်္ချာကို မင်းတွက်နေရပြီ။ ပညာရတယ်လို့ သဘောထားပေါ့ကွာ ဟုတ်ဘူးလား"

ကျွန်တော့်နဖူး တွန့်သွား၏။ မျက်မှောင်ကြုတ်သွားသည်။

"ဒီပညာက တယ်ပြီး ရင်မောရပါလား မောင်ပြုံးရာ"

"ဒါ အစရှိသေးတာ။ ရွှေမန်းတင်မောင့်လေနဲ့ ပြောရရင် 'ဒါ ဘာဟုတ်သေးတုန်း၊ ဒီထက်နှစ်ဆသာဦး' မပေါ့ကွာ။ ဟင်း၊ မြင်သေးတယ်။ တနင်္လာနေ့ကျရင် မင်းဖြစ်မယ့်ပုံကို ကြိုလို့မြင်ပါရဲ့။ အမှန်အတိုင်းများ ဖြူဖြူကျော်သိသွားရင် ကြည့်ကောင်းလိုက်မယ့်ဖြစ်ခြင်း"

ကျွန်တော်ပြုံးသည်။ အရွတ်အနောက် စကားကြောင့် ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

"ဟာ ဘာပြောကောင်းမလဲ၊ ငါ့ပါးကို ဘယ်ပြန်ညာပြန်တီးပစ်မှာ ကျိန်းသေပဲ"

မောင်ပြုံးက လှည့်ကြည့်သည်။ ကိုင်းတိုင်းတိုင်းခါးကို အနည်းငယ်ညွတ် သည်။

"ဒီလိုတော့လည်း တွေးပူတတ်သားပဲ"

"မပူပါဘူးကွာ။ ပါးရိုက်တာထက်နာအောင် ချိုချိုသာသာလေးနဲ့ပြောပြီး တွယ်တတ်တယ်ကွ။ ဖြူက မင်းသိတဲ့အတိုင်း တော်တော်ထက်တာ။ တကယ်ပါကွာ၊ ဆင်ဖြူ့မျက်နှာ ဆင်မည်းမကြည့်ဝံ့ဘူးဆိုတာ အမှန်ပဲ"

"ဒါတော့ မင်းအပြစ်နဲ့မင်းပဲ။ အလကား ဟိုအဘွားကြီး စွတ်ရွတ်ပြီး လျှောက်

mgyoe.com

mgyoe.com
ပြောတာ အဟုတ်မှတ်နေတယ်။ ကောင်းပါလေ့"

ပေတစ်ရာလမ်းထိပ်သို့အရောက်တွင် ပြိုင်တူလိုလို ရပ်လိုက်ကြသည်။ သူက ခရေတန်းရှိ သူ့အိမ်သို့ ပြန်မည်။ တောင်စူးစူးသို့ သူဆက်သွားရမည်။ နှုတ်ဆက်ပြီး သူထွက်သွားပြီ။

လမ်းဆုံတွင် ရပ်လျက်သား ဖြစ်နေသေးသည်။ အတော်ကြာမှ ခြေလှမ်းလိုက်၏။

❑

mgyoe.com

mgyoe.com

[ ၉ ]

ငြိမ်းငြိမ်းလာပေးသောစာကို ဖတ်ရချိန်တွင် ရင်ခုန်နေသည်။ စာမှာ ရှည်ရှည်ဝေးဝေးရေးမထား။ ကော်ပီစာရွက်အလယ်တွင် တစ်ကြောင်းတည်း။ ကျွန်တော့် နာမည်ရေးမထား။ လက်မှတ်ထိုးမထား။ ဖြူ့လက်ရေးမှန်း ကျွန်တော်သိသည်။ အကြောင်းအရာက စာတွေကိစ္စ။ ညနေကျောင်းလွှတ်ရင် ဆေးရုံကွေ့မှာစောင့်မယ်။ စာတွေ လာပေးပါဟု ရေးထားလေသည်။

စာသင်ခန်းထဲသို့ ဆယ်မိနစ်ခန့် နောက်ကျပြီးဝင်သည်။ ကျောင်းသို့ စောစောရောက်လျှင် ဖြူသည် ကျွန်တော့်အခန်းဝမှာ ရပ်ပြီး စောင့်နေလိမ့်မည်ဖြစ်၍ တွေ့ရလိမ့်မည်။ ထို့ကြောင့် မုန့်စားဆင်းချိန်ကျမှ တွေ့ရန် ညဏ်ဆင်ရသည်။ တစ်စက္ကန့်စောပြီး တွေ့ရပါက တစ်စက္ကန့်စာ စိတ်ကျပ်တည်းမှုကို ကြုံရချိမ့်မည်။ မုန့်စားဆင်းချိန် ခေါင်းလောင်းသံက ရင်ဝတွင် လာရောက်မြည်သည်ဟု ထင်မိ၏။ သွားတွေ့ရမည်လား၊ လာတွေ့မည်လား ထိုင်ပြီးတွေးနေသည်။ ခေါင်းထဲတွင် ဆူနေသောကြောင့် သောကြာနေ့က ပြောခဲ့သည်ကို ပြန်လည်စဉ်းစားယူရသည်။ လာတွေ့ကာ စာတွေပေးပါမည်ဟု ပြောခဲ့သလား၊ စာတွေပြန်ပေးပါ့မယ် လာယူပါဟုပြောခဲ့သလား မမှတ်မိ။

ထိုအချိန်၌ ဖြူ့ကို မြင်ယောင်လျက်ရှိသည်။ ဒေါ်မြရင်၏ စကားတွေကို ကြားယောင်လျက်ရှိ၏။ ညိုမှာ့အမူအရာတွေကို အာရုံ၌ ထင်လာသည်။ ဤသို့နှင့်ပင် ကျောင်းဆင်းခေါင်းလောင်းသံကို ထိတ်လန့်စွာ သတိမူ၏။

အခန်းထဲမှ နောက်ချန်ပြီး ထွက်သည်။ စင်္ကြံတွင် တစ်ယောက်စနှစ်ယောက်စ

mgyoe.com